ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့၊ (7-1-2007) (၅၁၉၅)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၆

ပညာရေးဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပညာရေးဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ကျောင်းသား၊ ကျောင်းသူများ၏ ကွန်ပျူတာစွမ်းရည်သရုပ်ပြမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ အစိုးရအဖွဲ့– အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်နှင့် ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ မြန်မာ့ရိုးရာသိုင်းသရုပ်ပြအဖွဲ့များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားရုံရှေ့၌ ကျင်းပရာ ပြည်နယ်နှင့်တိုင်းများ ကိုယ်စားပြု ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အားကစားခန်းမအတွင်း၌ ခင်းကျင်းပြသထားသော အခြေခံပညာရေးကဏ္ဍနှင့် အဆင့်မြင့် ပညာရေးကဏ္ဍတို့၏ ပညာရေးဆိုင်ရာ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐**

ပြည်နယ်နှင့်တိုင်းများ ကိုယ်စားပြု ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးတို့ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၇-၁-၂၀၀၇
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးအကျိုးပြု လှိုင်းချောင်းရေလှောင်တမံသစ် ဖွင့်လှစ်

စစ်ကိုင်းတိုင်းသည် စိုက်ပျိုးမြေကျယ်ပြန့်စွာရှိပြီး စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေသော တိုင်းတစ်တိုင်းဖြစ်သည်။ စိုက်ပျိုးရေလုံလောက်စွာရရှိသည်နှင့်အမျှ သီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီး ဒေသ ပိုမိုစိမ်းလန်း စိုပြည်လာမည်ဖြစ်သည်။

စစ်ကိုင်းတိုင်း ပုလဲမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသော လှိုင်းချောင်းရေလှောင်တမံကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ်ခဲ့သော ရေလှောင်တမံစီမံကိန်းများအနက် ၁၉၃ ခုမြောက် ဆည်တမံဖြစ်ပြီး စစ်ကိုင်းတိုင်း၏ ၂၂ ခုမြောက် ဆည်တမံလည်းဖြစ်သည်။

လှိုင်းချောင်းရေလှောင်တမံ၏ အလျားငါးမိုင်ရှည်သည့် တူးမြောင်းမကြီးနှင့် အလျား ခုနစ်မိုင်ရှည် လက်တံမြောင်းများမှတစ်ဆင့် စိုက်ပျိုးမြေဧက ၁၀၀၀ ကျော်သို့ ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။ အဆိုပါရေလှောင်တမံ ဖွင့်လှစ်လိုက်သည့်အတွက် ပုလဲမြို့နယ်အတွင်း ပျော်ဘွယ်ကျင်းနှင့် အရိုးကုန်းကျေးရွာအုပ်စုတို့ရှိ မြေယာများတွင် ပထမတစ်သီးမိုးစပါးဧက ၁၀၀၀၊ ဒုတိယတစ်သီး ကုလားပဲဧက ၁၀၀၀ နှင့် တတိယတစ်သီး နွေစပါးဧက ၅၀၀ စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်က မိုးနည်းရေရှားဒေသရပ်ဝန်းများတွင် ဆည်တမံစီမံကိန်းများနှင့်အတူ မြေအောက်ရေရရှိရေးအစီအမံများ၊ ရေပေးတူးမြောင်းများကို တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိရာ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံလာပြီး ဒေသ၏ ရေ၊ မြေ မြင်ကွင်းများပါ ပြောင်းလဲလာလျက်ရှိသည်။ ယခင်က သီးနှံတစ်သီးကိုပင် ခက်ခက်ခဲခဲ စိုက်ပျိုးလာခဲ့ကြရာမှ ယခုအခါ သီးထပ်၊ သီးညှပ် သီးနှံများပါ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီဖြစ်သည်။

ယခုအခါ စစ်ကိုင်းတိုင်းအတွင်း ဆည်တမံများ တည်ဆောက်ပေးမှုကြောင့် စိုက်ပျိုးမြေဧက သုံးသိန်းကျော်ကို စိုက်ပျိုးရေပေးဝေ အကျိုးပြုနေပြီဖြစ်သည်။ လှိုင်းချောင်းရေလှောင်တမံသစ် တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် တောင်သူလယ်သမားများ သီးနှံများတိုးချဲ့စိုက်ပျိုးလာနိုင်၍ ဝင်ငွေတိုးပွားစည်ပင်လာခြင်းနှင့်အတူ ရေဝေရေလဲ ထိန်းသိမ်းရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့ကိုပါ ပိုမိုအကျိုးပြုလာနိုင်မည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွာဦးလမ်း ပုရွက်ဆိတ်ကုန်းရပ်ကွက်နေ ဦးခင်ကြိုင်နှင့် သားသမီးများက ကြို့ပင်ကောက်မြို့ ရင်းတိုက်ပင်ရွာနေ ဦးထွန်းခင်-ဒေါ်သန်းညွန့်တို့၏ သမီး ကွယ်လွန်သူ ဒေါ်မြင့်မြင့်အား ရည်စူး၍ ငွေကျပ် ၁၁၁၁၁၁ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(မဇ္ဈာစရိယ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လူသွားစင်္ကြံကျောက်ပြားခင်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကျောက်တံတားမြို့နယ် အနော်ရထာလမ်းတစ်လျှောက် လူသွားစင်္ကြံ ကျောက်ပြားသစ်များ ခင်းကျင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(၁၉)

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနဌာနမှူး ဦးလင်းထွန်းမြင့် လိုက်ပါလျက် ဇန်နဝါရီ ၃ ရက်နံနက်က အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်နေသော လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် နံနက် ၇ နာရီက လသာမြို့နယ် ဗိုလ်ရွဲလမ်းသို့ရောက်ရှိလာရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ငွေ၊ ဒုတိယဌာနမှူး ဦးညီညီဦး တို့က အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား ဗိုလ်ရွဲလမ်း လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားသစ် ခင်းကျင်းနေမှုများ ကြည့်ရှုစစ်ဆေးပြီး ကျောက်တံတားမြို့နယ် အနော်ရထာလမ်းတစ်လျှောက် လူသွားစင်္ကြံ ကျောက်ပြားသစ်များ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ သိမ်ဖြူတင်းနစ်ကွင်းအနီးရှိ ကားကက်ဆက်ဆိုင်များအတွက် တည်ဆောက်ထားသည့် အဆောက်အအုံများအနီးရှိ မြေထိန်းနံရံများ တည်ဆောက်နေမှု၊ မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းလမ်းအား စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။ **(၁၉)**

စကားဝိုင်းဖွဲ့ဆွေးနွေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာတွင် အမျိုးသမီးများနှင့် စကားဝိုင်းများဖွဲ့၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာ၌ အသိပညာပေးဟောပြော

နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာရှိ အမျိုးသမီးများအား အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ခွဲခေါင်းဆောင် ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်မြင့်မြင့်သိန်းက HIV/AIDSရောဂါတားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံး ရဲအုပ်ဒေါ်ရီရီသန်းက လူကုန်ကူးမှုနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးက အလ္လကပ္ပကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် အမျိုးသမီးရေးရာဝတ်စုံများကို ထောက်ပံ့ပြီး ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာတမ်းများနှင့် ကျေးရွာပြည်သူလူထုသို့ မှန်ချိုတိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးထံသို့ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက မြင်းမူမြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၁၅၀၀ ကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးနှင့် အဖွဲ့သည် မုံရွာခရိုင် ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ထုတ်ပေးထားသော အသေးစားချေးငွေ (Micro credit)ဖြင့် လုပ်ငန်းဆောင်ရွက်နေသော နီးကုန်ပစ္စည်း ယပ်တောင်၊ တောင်း၊ ဖျာ၊ ရေအိုးဖုံး စသည့် လူသုံးကုန်ပစ္စည်းများလုပ်ဆောင်နေမှုကို လှည့်လည်ကြည့်ရှုပြီး အမျိုးသမီးရေးရာ ကိစ္စရပ်များ အကြောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးနှင့်အဖွဲ့သည် ချောင်းဦးမြို့ ဇရိမွန်(၂) အမျိုးသမီးကျောင်းသို့ သွားရောက်၍ ကျောင်းသူလေးများအတွက် အာဟာရပဒေသာပင် ငွေကျပ်တစ်သိန်းကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပညာရေးဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြကွက်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုပြကွက်တွင် ကျောင်းသား၊ ကျောင်းသူများ တီထွင်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကွန်ပျူတာစွမ်းရည် သရုပ်ပြမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အားကစားခန်းမ၌ ကျင်းပသည့် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြကွက်ကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြကွက်တွင် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများက **"ပညာဖြိုးဝေ တို့မြန်ပြည်"** သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အကြားအာရုံချို့ယွင်းနေသော ကျောင်းသားများဖြစ်ကြသည့် မောင်ရဲလွင်ဦးနှင့် မောင်ချစ်စမ်းမောင်တို့က **"မင်းသားပြိုင်အက"**ဖြင့် လည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများက **"ရာသက်ပန်ပြည်ထောင်စု"** သီချင်းကို လည်းကောင်း သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ကျောင်းပျက်ရက်မရှိဆု

ဇန်နဝါရီ ၆ ရက်က တာမွေမြို့နယ် အမက(၇)၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ကျောင်းနာယက ဦးအောင်မြင့် (၁၄)နှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိသူ ဆရာမ ဒေါ်အေးအေးစိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

လေးဘာသာ ဂုဏ်ထူးဆု

အလုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲနှင့် စုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်ထွေး တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရရှိသူ မမို့မို့သင်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပညာရေးစုံညီပွဲတော်
နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲစို့။
ဇန်နဝါရီလ(၆ မှ ၈)ရက်၊ ၂၀၀၇ ခုနှစ်
SCHOOL FAMILY DAY
(6 to 8) January 2007

အထကသုဝဏ္ဏ ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထကသုဝဏ္ဏ၏ ပညာရေးစုံညီပွဲတော်နှင့် စွမ်းရည်ပြပွဲကို ယနေ့နံနက် ၈ နာရီတွင် သီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် အမှုဆောင်များ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ညွန့်(မောင်နေမျိုး)နှင့် အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဗိုလ်မှူးကြီး အောင်ဒင်(ငြိမ်း)၊ ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်းနာယက ဒေါ်ခင်မျိုးအေးနှင့် အမှုဆောင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းနှင့် ဆရာ၊ ဆရာမများ၊ လူမှုရေးထောက်ပံ့မှုကော်မတီ ဥက္ကဋ္ဌ ဦးလှတင်နှင့် ကျောင်းသားဟောင်းများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ကျောင်းအဆင့်၊ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ် ၊တိုင်းအဆင့် စာပေဖွံ့ဖြိုးရေး၊ အားကစားနှင့် ဘက်စုံဆုများချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများက စွမ်းရည်ပြသကြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် ရွှေရတုအကြို သီရိသုဝဏ္ဏပညာမဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က သဃ်န်းကျွန်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်ရာ ဥက္ကဋ္ဌ ဦးစိန်ညွန့်(မောင်နေမျိုး)နှင့် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ကြည်(ရေနံမြေမောင်မောင်ကြည်)တို့က လက်ခံရယူကြသည်။ (က–ပ)

ဘက်စုံထူးချွန်ဆု

လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာ ကျောင်းသူစုံညီပွဲတော် ထူးချွန်ဆုပေးပွဲနှင့် ပဒေသာကပွဲတွင် ဘက်စုံထူးချွန်ဆုရ Grade(4) (B) မှ မပြည့်သန္တာစိုးအား ဆရာမ ဒေါ်မြင့်မြင့်စီ ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပညာရည်ချွန်ပထမဆု

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဆုနှင်းသဘင်ကို ဇန်နဝါရီ ၆ရက်က ကျောင်းခန်းမတွင်ကျင်းပရာ စတုတ္ထတန်း ပညာရည်ချွန် ပထမဆုရ မမြသန္တာထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးအေးကျော် ဂုဏ်ပြုဆုပေးအပ်စဉ်။ (၃၂)

၂၀၀၆ခုနှစ်တွင် လေယာဉ်ပျက်ကျမှု ၄၃နှစ်အတွင်း အနည်းဆုံးဖြစ်

ဂျီနီဗာ ဇန်နဝါရီ ၅

ကမ္ဘာတစ်ဝန်းလုံး လေယာဉ်ပျက်ကျမှုအကြိမ်ပေါင်းသည် ၂၀၀၆ခုနှစ်က ၁၅၆ကြိမ်ရှိရာ လွန်ခဲ့သော ၄၃နှစ်အတွင်း အနည်းဆုံးအရေအတွက်ပင်ဖြစ်ကြောင်း ဂျီနီဗာအခြေစိုက်စောင့်ကြည့်လေ့လာရေးအဖွဲ့က ဇန်နဝါရီ ၃ရက်တွင် ထုတ်ပြန်သည်။

လေယာဉ်ပျက်ကျမှု မှတ်တမ်းပြုစုရေးအဖွဲ့၏ မှတ်တမ်းများအရ ၂၀၀၆ ခုနှစ်တွင် ပျက်ကျခဲ့သော လေယာဉ်အရေအတွက် စုစုပေါင်းသည် ၂၀၀၅ခုနှစ်က ထက် ၂၂ကြိမ် နည်းကြောင်းတွေ့ရသည်ဟု ဆိုသည်။

လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးရသူစုစုပေါင်းသည် ၂၀၀၆ခုနှစ်တွင် ၁၂၉၂ဦးရှိရာ ၂၀၀၅ခုနှစ်ကထက် အသေအပျောက်ဦးရေ ၁၁ရာခိုင်နှုန်း လျော့ကျသွားသည်။

ဒေသအလိုက် လေယာဉ်ပျက်ကျမှု အခြေအနေကို ကြည့်မည်ဆိုပါက မြောက်အမေရိကဒေသသည် ၃၂ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးမှရှိကာ အာဖရိကဒေသသည် ၁၈ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်ရှိပြီး အာရှဒေသသည် ၁၇ရာခိုင်နှုန်းဖြင့် တတိယအများဆုံးဖြစ်သည်ကိုတွေ့ရသည်။

သယ်ဆောင်နိုင်

၂၀၀၆ခုနှစ်အတွင်း လူအသေအပျောက်အများဆုံး လေယာဉ်ပျက်ကျမှု အဖြစ်အပျက်မှာ ဩဂုတ် ၂၂ရက်တွင်ဖြစ်ပွားခဲ့သော ယူကရိန်းဒေသ၌ ဖြစ်ပွားသည့် လေယာဉ်ပျက်ကျမှုပင်ဖြစ်သည်။ လူပေါင်း ၁၇၀ အသက်ဆုံးရှုံးခဲ့ရသည်။ ယခုမှတ်တမ်းပြုစုသော လေယာဉ်များတွင် လူခြောက်ဦးအောက် သယ်ဆောင်နိုင်သော လေယာဉ်ငယ်များမပါဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ အရှေ့တောင်ပိုင်းရှိ ဆိုက်ဇ်ဝဲလ်အရပ်မှ သက်တမ်းလွန်နေပြီဖြစ်၍ ပိတ်လိုက်ရသော နျူကလီးယားဓာတ်ပေါင်းဖိုကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကုလသမဂ္ဂစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး အတွင်းရေးမှူးချုပ်ဘန်ကီမွန်း ထပ်လောင်းကတိပြု

ကုလသမဂ္ဂ ဇန်နဝါရီ ၅

ကုလသမဂ္ဂအဖွဲ့ စီမံခန့်ခွဲရေးလုပ်ငန်း ပြုပြင်ပြောင်းလဲရန် မိမိကတိပြုကြောင်း အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇန်နဝါရီ ၂ရက်တွင် ထပ်လောင်းပြောကြားလိုက်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးသည် လွန်ခဲ့သည့်နှစ်များအတွင်း ပြဿနာများနှင့် ပတ်သက်ပြီး ထိထိရောက်ရောက် တာဝန်ယူမဖြေရှင်းနိုင်ခဲ့သဖြင့် ရံဖန်ရံခါတွင် အပြင်းအထန်ဝေဖန်ခံခဲ့ရသည်ဟု ဘန်ကီမွန်းက ကုလသမဂ္ဂဝန်ထမ်းများနှင့် ပထမဆုံး တွေ့ဆုံဆွေးနွေးရာ၌ ပြောကြားသည်။ ဝေဖန်မှု အားလုံးသည် ယုတ္တိမရှိကြောင်း၊ သို့ရာတွင် အချို့သော ဝေဖန်ပြောကြားချက်များကြောင့် မိမိတို့အလေးထားဆောင်ရွက်မှုကိုဖြစ်စေပြီး မိမိတို့အနေဖြင့် ယင်းဝေဖန်ချက်များ ကွယ်ပျောက်စေရန် ပြတ်သားသည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကုလသမဂ္ဂ စီမံခန့်ခွဲရေးစနစ်နှင့် ပတ်သက်သည့် ပြုပြင်မှုများပြုလုပ်ရန် အသေအချာ ဆွေးနွေးတင်ပြခဲ့ပြီး ယင်းဆွေးနွေးမှုသည် ၂၀၀၇ခုနှစ်နှင့် ရှေ့နှစ်များအတွက် လုပ်ရှားဆောင်ရွက်ရန် လမ်းညွှန်ချက်ပင် ဖြစ်သည်ဟု ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုမာလီဒုက္ခသည်များကို ကင်ညာက ဝင်ခွင့်မပေး

နိုင်ရိုဘီ ဇန်နဝါရီ ၅

စစ်မက်တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာကြသည့် ထောင်ပေါင်းများစွာသော ဆိုမာလီဒုက္ခသည်များကို ကင်ညာအစိုးရက နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခွင့်မပေးဘဲ ငြင်းဆန်နေကြောင်း ကုလသမဂ္ဂက ဇန်နဝါရီ ၃ရက်တွင် ပြောကြားလိုက်သည်။

ထုတ်ပြန်ကြေညာ

ဆိုမာလီ ဒုက္ခသည် ၄၀၀၀ တို့သည် ကင်ညာ–ဆိုမာလီနယ်စပ်တစ်လျှောက်ရှိ ဒိုဗလေဒေသတွင် သောင်တင်နေပြီး ခိုလှုံရန်စောင့်ဆိုင်း လျက်ရှိကြသည်ဟု ကုလသမဂ္ဂရုံးက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်နောက်ပိုင်း နောက်ထပ် ဆိုမာလီဒုက္ခသည် ၂၀၀ ရောက်ရှိလာကြောင်း ကြေညာချက်တွင် ပါရှိသည်။

မိုဂါဒစ်ရှူးမြို့မှ အနီးအနားကျေးရွာများသို့ ဒုက္ခသည်များ နေရာရွှေ့ပြောင်းမှု အဆက်မပြတ်ရှိနေကြောင်း၊ အထူးသဖြင့် ကာရင်မီဒီနာနှင့် ဝါရာဘီဒေသမှ ဒုက္ခသည်များ ဖြစ်ကြကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်မြောက်ပိုင်းတွင် အအေးလှိုင်းကျရောက်၊ ၁၇ ဦးသေဆုံး

ဒါကာ ဇန်နဝါရီ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းခရိုင်သုံးခရိုင်တွင် အအေးလှိုင်းကျရောက်မှုကြောင့် ၁၇ ဦးထက်မနည်းသေဆုံးပြီး ဆင်းရဲသား လူထောင်ပေါင်းများစွာမှာ ရာသီဥတုနှင့် ဆက်နွယ်နေသည့် ရောဂါဘယများကို ခံစားကြရကြောင်း ယမန်နေ့ သတင်းများတွင် ဖော်ပြသည်။

နှစ်သစ်ကူးသည့် နေ့မှစ၍ အအေးလှိုင်းကျရောက်ခဲ့သည်။ နိုင်ငံမြောက်ပိုင်းရှိ ပန်ချာဂတ်ခရိုင်၊ ကူရီဂရမ်ခရိုင်နှင့် ဂိဘန်ဒါခရိုင်တို့တွင် အအေးလှိုင်း ကျရောက်သဖြင့် ပြည်သူများမှာ နေအိမ်ပြင်ပသို့ မထွက်နိုင်ဘဲ ဖြစ်နေရသည်။ သယ်ယူပို့ ဆောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားပြီး ဈေးဆိုင်အများစုကို ဆက်လက်ပိတ်ထားရသည်။

ကျေးရွာများတွင် အအေးပြင်းထန်မှုနှင့် ဆက်နွယ်နေသော ရောဂါဘယများ လျင်မြန်စွာ ပျံ့နှံ့နေကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ ဆေးရုံများတွင် သက်ကြီးများနှင့် ကလေးလူနာများ တိုးလာနေကြောင်း၊ အအေးလှိုင်း ရိုက်ခတ်မှုကို အဓိကခံစားကြရသူများမှာ ဆင်းရဲသားများ ဖြစ်ကြကြောင်း သိရသည်။

အင်တာနက်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မက္ကဆီကိုတွင်ဆောင်ရွက်

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၅

မက္ကဆီကို အစိုးရက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လှုပ်ရှားမှုကို ဒီဇင်ဘာ ၁၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့စဉ်အတွင်း လူ ၈၀ ခန့် ဖမ်းဆီးခဲ့ရပြီး ဆေးခြောက်စိုက်ခင်း ၅၀၂၃ခင်း ဖျက်ဆီးခဲ့ကြောင်း မက္ကဆီကို သမ္မတဖိလစ်ကယ်ဒရွန်က ဇန်နဝါရီ ၃ရက်တွင် ကြေညာသည်။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လှုပ်ရှားမှုကို သမ္မတကယ်ဒရွန် ရာထူးတာဝန် ထမ်းဆောင်ခဲ့ပြီး ၁၀ ရက်အကြာတွင်စတင်ခဲ့ရာ တပ်ဖွဲ့ဝင်များနှင့်ရဲအရာရှိ ၇၀၀၀ခန့် ပါဝင် ဆောင်ရွက်ခဲ့ကြသည်။***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ကျွမ်းဟီဆေးတက္ကသိုလ်၌ သားဖွားစက်ရုပ်အကူအညီဖြင့် ကျောင်းသားများ မီးယပ်နှင့် သားဖွားပညာ လက်တွေ့ လေ့လာနေသည်ကို ဇန်နဝါရီ ၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တရုတ်မော်တော်ယာဉ်တင်ပို့မှု ၂၀၀၆ ခုနှစ်တွင် စံချိန်တင်

ပေကျင်း ဇန်နဝါရီ ၅

တရုတ်နိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှုသည် ၂၀၀၆ ခုနှစ်တွင် စီးရေ ၃၄၀၀၀၀ အထိ စံချိန်တင် မြင့်တင်ခဲ့ကြောင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တိုးတက်လာ

တရုတ်နိုင်ငံ၏ ဆီဒင်ကားတင်ပို့မှုသည် လွန်ခဲ့သည့် နှစ်အတွင်း စီးရေ ၉၀၀၀၀ရှိကြောင်း၊ ယင်းမှာ ၂၀၀၅ ခုနှစ်ကထက်ရာခိုင်နှုန်း ၂၀၀ တိုးတက်လာခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

တရုတ်နိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှုသည် ၂၀၀၄ ခုနှစ်တွင် စီးရေ ၇၈၀၀၀ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် စီးရေ ၁၇၃၀၀၀ အထိ ရှိလာကြောင်း၊ ၂၀၀၅ ခုနှစ် မော်တော်ယာဉ် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈ ဘီလီယံဖိုးရှိကြောင်း အကောက်ခွန်ဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် လာမည့် ၁၀နှစ်တာကာလအတွင်း ကမ္ဘာ့မော်တော်ယာဉ် ကုန်သွယ်မှုလုပ်ငန်း၏ ၁၀ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် နိုင်ငံဖြစ်လာရန် ရည်မှန်းကြောင်း ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဝေကျန်ကျို့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အန္တာတိတ်ဒေသတွင် ပင်လယ်ဖျံများကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရန်အားပိတ်ဆို့ရေး အနောက်အုပ်စုနိုင်ငံများ မဟာဗျူဟာချမှတ်

ဝါရှင်တန် ဇန်နဝါရီ ၅

နျူကလီးယား အစီအစဉ်များ ဖော်ဆောင်မှုကို အီရန်စွန့်လွှတ်လာစေရေးအတွက် ဘဏ္ဍာရေးနှင့် စိတ်ဓာတ်ရေးရာအရ ဖိအားပေးမှုတိုးမြှင့် လုပ်ဆောင်သွားမည့် မဟာဗျူဟာသစ်ကို အမေရိကန်နှင့် ဥရောပဒေသရှိ ၎င်း၏ မဟာမိတ်နိုင်ငံများက စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ဇန်နဝါရီ ၂ရက်တွင် ရေးသားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်နိုင်ငံအပေါ် ဒီဇင်ဘာလ အတွင်း ချမှတ်ခဲ့သည့် အရေးယူပိတ်ဆို့မှုသည် အီရန်နိုင်ငံ လမ်းကြောင်း ပြောင်းလာစေရန် ဖိအားပေးရာတွင် ပျော့လွန်းနေကြောင်း အဆိုပါ သတင်းစာက ရေးသားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ပါ စကားလုံးအသုံးအနှုန်းများကို အသုံးပြု၍ ပြည်ပအစိုးရများနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအား စည်းရုံးကာ အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်သည့် စီးပွားရေး လုပ်ငန်းများနှင့် ပုဂ္ဂိုလ်များကို အဆက်အသွယ်များ ဖြတ်တောက်ရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနဆိုင်ရာ လက်ထောက် ဘဏ္ဍာရေးဝန်ကြီး စတူးဝပ်လီဗေးက ပြောကြားသည်ဟု သတင်းစာက ရေးသားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ကျောက်တန်းမြို့နယ် ခနောင်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ် လွှဲအပ်ပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ခနောင်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်လွှဲပြောင်း ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မင်္ဂလွန်းစံပြကျေးရွာသို့ ရောက်ရှိပြီး မင်္ဂလွန်းစံပြကျေးရွာ မဟာအတုလ ဥသျှောင်ကိုးထပ်ကြီးဘုရား တည်ဆောက်မှု လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တန်ဆောင်းအသစ် တည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တန်ဆောင်းအသစ် တည်ဆောက်မှုအမြန်ပြီးစီးစေရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး ကိုးထပ်ကြီးဘုရားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်၍ကျေးလက်နေပြည်သူတို့၏ ကျန်းမာရေး ကဏ္ဍ မြင့်မားရေးလုပ်ငန်း များနှင့် ပတ်သက်၍ ရှင်းလင်း အမှာစကားပြောကြားသည်။

ယင်းနောက် ခနောင်ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမြင့်ဆွေက ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၀သိန်းကို ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေထံပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ကျေးလက်ကျန်းမာရေးဌာနရှိ သားဖွားခန်းကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ခနောင်ကျေးရွာအတွင်းသွားရောက်၍ ကြက်များ ကြက်နာကျရောဂါ မဖြစ်ပွားစေရေးအတွက် ဒေသကြက်များအား အပူဒဏ်ခံကြက်လည်လိမ်ရောဂါကာကွယ်ဆေး အိုင်တူးမျက်စဉ်းဆေးခတ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူများအား ဒိုချက်ကင်သဘာဝမြေဩဇာပြုလုပ်ရာတွင် အသုံးပြုရသည့် တင်လဲရည်များကို ထောက်ပံ့ပေးအပ်ကာ ဒိုချက်ကင် သဘာဝမြေဩဇာ

ပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် ခနောင်ကျေးရွာအနီးရှိ ဒေသ၏ ဆီထွက်သီးနှံဖူလုံစေရေးအတွက် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ပဲစိုက်ခင်းနှင့် ပဲစိုက်ခင်းများအကြားရှိ ကြားသီးနှံနေကြာစိုက်ခင်းများကို ကြည့်ရှုအားပေးပြီး ပဲနှင့်နေကြာကို ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့်လျာထားဧက ပြည့်မီစေရေးအတွက် စနစ်တကျ စိုက်ပျိုးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်တန်းမြို့နယ် တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ တံတားမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းသူရက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ခရိုင်အင်ဂျင်နီယာမှူး ဦးမြတ်သက်အောင်က ပန်းတော–ကဒပ္ပနလမ်းကို ကျောက်ချောလမ်းမှ ကတ္တရာ လမ်းခင်းကျင်းပြီးစီးမှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့်တာဝန်ရှိသူများက ပန်းတော–ကဒပ္ပနလမ်းနှင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးပြီးရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း အမှာစကားပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း တံတားမြို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အင်ဂျင်နီယာအသင်း စာတမ်းဖတ်မည်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အသင်းအဆောက်အအုံသစ် တည်ရှိရာတက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်မြို့၌ ဖေဖော်ဝါရီ ၂၅ရက်တွင် ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် အင်ဂျင်နီယာ ဘာသာရပ်ပေါင်းစုံ စာတမ်း ဖတ်ပွဲကြီးကို တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်မြို့၌ ဖေဖော်ဝါရီ ၂၄ရက်နှင့် ၂၅ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ စာတမ်း ဖတ်ကြားလိုသူများအနေဖြင့် မိမိတို့ ဖတ်ကြားမည့် စာတမ်းများကို တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိမြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ ဇန်နဝါရီ ၃၁ရက်နောက်ဆုံးထားပြီး ပေးပို့ကြရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက နှိုးဆော်ထားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇–၁–၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ယနေ့အစီအစဉ်
၇း၀၅	နိဗ္ဗာနဓမ္မဂုဏ်ရည် တရားတော် (သီတဂူဆရာတော်)
၇း၅၀	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ဆောင်းရာသီ ပဲတီစိမ်းပန်းတိုင်
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	နိုင်ငံတကာအနုပညာရေးရာ
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ချယ်ရီမြေမှပန်းပွဲတော်
၉း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀	Music Gallery (သီချင်းလေးမှတစ်ဆင့်)
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	ကြည်နူးကုသိုလ်ပြုကြမယ် သာသနာ့ပုဂံမြေဝယ်
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	မိသားစုတနင်္ဂနွေ (Central Forest Zone)
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	သဘာဝအလှသနပ်ခါးက
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	ဂုန်လျှော်နှင့်ဂုန်လျှော်ထွက်ပစ္စည်းများ
၁၁း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀	Basic Computer Learning for Beginner Vol-(6)
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၅၀	လင်းလက်တောက်ပ သဘော်ဆေးအလှ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက်၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း ပွဲစဉ်		ပြသမည့်လိုင်း
၁၀း၃၀	Cardiff City-Tottenham	5-Sports(Live)

ဒိုချက်ကင်သဘာဝမြေဩဇာ လက်တွေ့ပြုလုပ်အသုံးပြုနည်း ပညာပေးသရုပ်ပြပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် တိုင်းအတွင်းရှိ မြို့နယ်အသီးသီးတွင် စိုက်ပျိုးလျက်ရှိသော မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်စေရန် ဓာတ်မြေဩဇာများနှင့် တွဲဖက်အသုံးပြုရမည့် သဘာဝမြေဩဇာများ ပြုလုပ်နည်း၊ အသုံးပြုနည်းများကို တိုင်းအတွင်းရှိ မြို့နယ်များတွင် ကွင်းဆင်းပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း မန်နေဂျာ ရုံးဝင်းအတွင်းတွင် ဒိုချက်ကင် သဘာဝမြေဩဇာ လက်တွေ့ပြုလုပ်အသုံးပြုနည်း ပညာပေးသရုပ်ပြပွဲ ကျင်းပရာ ရန်ကုန်တိုင်း မန်နေဂျာ ဦးကြည်ဟန်က သီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်စေရန်အတွက် ဒိုချက်ကင် သဘာဝမြေဩဇာ လက်တွေ့ပြုလုပ်နည်း၊ အသုံးပြုနည်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

လက်တွေ့သရုပ်ပြပွဲသို့ ရန်ကုန်တိုင်းအတွင်း စပါးအပါအဝင် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရွှေထယ်ကုမ္ပဏီ၊ စတီးစတုန်းကုမ္ပဏီ၊ ဖော်ကျူးန်းကုမ္ပဏီ၊ စူပါဝမ်းကုမ္ပဏီ၊ ဒဂုန်စိုက်ပျိုးရေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်လေ့လာ ဆွေးနွေးခဲ့ကြသည်။ (ကြေးမုံ)

တောင်ဥက္ကလာပ မြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက်ကကျောင်းခန်းမ၌ ကျင်းပရာ ဘက်စုံထူးချွန်ဆုရရှိသော စတုတ္ထတန်း(ခ)မှ မနှင်းအဠလီအား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန် ဆုချီးမြှင့်စဉ်။ (၆၄)



ဇန်နဝါရီ ၆ရက်က လှိုင်သာယာမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ဆရာမဒေါ်အုန်းသန်းက ဆုရရှိသူ မမေသဇင်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ၂၀၀၅-၂၀၀၆ ခုပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မအေးမြတ်မွန်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ပညာရည်ထူးချွန်ဆုပေးပွဲ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ခရမ်းမြို့နယ်နှင့် ရန်ကုန်ရောက် ခရမ်းသူ၊ခရမ်းသားများ၏ သားသမီးများအား ပညာရည်ထူးချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် စနာရီခွဲတွင် ခရမ်းမြို့နယ်အသင်း (ရန်ကုန်)ကဦးဆောင်၍မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ဦးဆောင်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူးဦးအေးလွင်ကခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ သမိုင်းနှင့် လုပ်ဆောင်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို တင်ပြသည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ ခုပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ခရမ်းမြို့နယ် အတွင်းနှင့် ရန်ကုန်ရောက် ခရမ်းသူ၊ ခရမ်းသားများ၏ သားသမီးများအား ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင် သိမ်းနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)အတွက် အလှူရှင်များက ပေးအပ်သည့်အလှူငွေများကို ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယက ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဥက္ကဋ္ဌ ဦးသန်းလွင်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကိုကိုကျော်၊ ဦးမြင့်ဆွေ၊ ဦးမြင့်လှိုင်နှင့် အတွင်းရေးမှူး ဦးအေး လွင်တို့က လက်ခံကြ၍ ဂုဏ်ပြု မှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ပညာရည်ချွန်ဆုပေးပွဲတွင် ခြောက်ဘာသာသုံးဦး၊ ငါးဘာသာခုနစ်ဦး၊ လေးဘာသာရှစ်ဦး၊ သုံးဘာသာငါးဦး၊ နှစ်ဘာသာ ၁၉ဦးနှင့် တစ်ဘာသာ ၂၈ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၇၀တို့ ဖြစ်ကြသည်။

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)အတွက် အလှူငွေပေးအပ်သည့် အလှူရှင်ပေါင်းမှာ ၁၀၁ဦးဖြစ်ပြီး အလှူငွေ စုစုပေါင်း ငွေကျပ် ၄၆၈ သိန်း သုံးသောင်း ရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်းကွန်းတောင်ရိုး ဓမ္မစေတီအောင်မြေဘုံကျော် ကျောင်းတိုက်တွင် တည်ထား ကိုးကွယ်လျက်ရှိသော ကမ္ဘာ့အကြီးဆုံးဓမ္မစေတီ ရုပ်ပွားတော်ကြီး တည်ထားကိုးကွယ်ရန်အတွက် ဓမ္မစေတီဖောင်ဒေးရှင်းဦးဆောင်ပဓာန နာယက မင်းကွန်းဓမ္မစေတီဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရထံ မိတ္ထီလာမြို့မှ ဦးဝင်းမြင့် ဒေါ်လှလှမြင့်(ချမ်းမြေ့ ကားပစ္စည်းရောင်းဝယ်ရေးမိသားစု)က ကျပ် ၃၀၀၀၀၀နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (က-ပ)

အိုင်တူးကြက်လည်လိမ်ရောဂါကာကွယ်ဆေး မျက်စဉ်းခတ်ခြင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တတိယ အကြိမ်မြောက် အိုင်တူး(I_2) ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေးမျက်စဉ်းခတ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၉ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် ဘူတာရုံလမ်း၌ ပြုလုပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနေဝင်း ဦးဆောင်၍ ရန်ကုန်တိုင်း ဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းနှင့်အဖွဲ့တို့က တစ်ပိုင်တစ်နိုင်မွေးမြူထားသော တိုင်းရင်းကြက်များကို အိုင်တူးကြက်လည်လိမ်ရောဂါကာကွယ်ဆေး မျက်စဉ်းခတ်ပေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ညွှန်ကြားချက်ဖြင့် ဒေသကြက်များအား ရာသီအလိုက် ကျရောက်တတ်သည့် ကြက်လည်လိမ်၊ ကြက်ဝမ်းကျကပ်ရောဂါများ ကင်းဝေးစေရန် ၂၀၀၁ ခုနှစ်မှစ၍ ကြက်လည်လိမ် ရောဂါကာကွယ် ဆေးမျက်စဉ်းခတ်ပေးခြင်းကို နှစ်စဉ် တစ်နှစ်လျှင် လေးကြိမ်၊ ကြက်ဝမ်းကျ (တောင်ပံခြစ်) ကာကွယ်ဆေးဖြင့် တစ်နှစ်လျှင် နှစ်ကြိမ်၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယခု ဒီဇင်ဘာလသည် ကာကွယ်ဆေးထိုးနှံသည့်ကာလဖြစ်သဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကြက်လည်လိမ် မျက်စဉ်းများခတ်ပေးခြင်းကို ဒေသအနှံ့၌ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်း ၂၀၀၆-၂၀၀၇ ခုနှစ် တစ်နှစ်လုံးလျာထားချက် ကြက်ကောင်ရေ ၈၉၅၆၀၀ မှ ယခုတတိယအကြိမ်အထိကြက်ကောင်ရေ၆၇၁၆၇၀၀ ကို မျက်စဉ်းခတ်ပေးနိုင်ခဲ့ပြီး ကြက်ဝမ်းကျ (တောင်ပံခြစ်) ကာကွယ်ဆေးကို လည်း ယခုနှစ် စက်တင်ဘာလက ပထမအကြိမ်အဖြစ် ကြက်ကောင်ရေ ၂၉၀၀၀၀ကို ထိုးနှံပေးခဲ့ကာ ၂၀၀၇ ခုနှစ် မတ်လတွင်လည်း ကြက်ဝမ်းကျ (တောင်ပံခြစ်) ကာကွယ်ဆေးကို ဒုတိယအကြိမ် ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အောင်ဆန်းလမ်း(၂)ရပ်ကွက်မှ (ဦးခင်မောင်ကြီး) (ရေနံ-ငြိမ်း)-ဒေါ်မြမေ မိသားစုကိုယ်စား ဦးမင်းမော်-ဒေါ်မြင့်မြင့်သင်းတို့က ငွေကျပ် တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းနှင့်အဖွဲ့ဝင်များတိုင်းရင်းကြက်များကို တတိယအကြိမ်မြောက် အိုင်တူး ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေး မျက်စဉ်းခတ်ပေးကြစဉ်။ (မွေး/ကု)

သီရိမင်္ဂလာ လမ်းတို ကတ္တရာခင်းစေလို

စာတည်းရှင့်-

ရွှေပြည်သာမြို့နယ် (၅/၆)ရပ်ကွက် သီရိမင်္ဂလာပတ်လမ်း ပတ္တမြားလမ်းထိပ်မှ လမ်းတိုကလေးကို ဂဝံကျောက်များ ခင်းထားသည်မှာ (၃)နှစ်ခန့်ရှိပါပြီ။ သီရိမင်္ဂလာပတ်လမ်းကို ကတ္တရာခင်းလျက်ရှိရာ သုံးပုံနှစ်ပုံခန့် ပြီးစီးနေပါပြီ။

သို့ဖြစ်ပါ၍ ရပ်ကွက်ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် သီရိမင်္ဂလာ လမ်းတိုကလေးအား ကတ္တရာခင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ရေမြောင်းသန့်ရှင်းရေး ဆောင်ရွက်ပေးသင့်

စာတည်းခင်ဗျား-

ရမည်းသင်းမြို့ ဝါတိုးအနောက်ရပ်ကွက် လမ်းမတော်လမ်း (အထက ကျောင်းလမ်းနှင့် ဘူတာရုံလမ်းကြား) နာရီစင် အနောက်ဘက်ဘေးရှိ ရေမြောင်းတွင် သန့်ရှင်းရေး မလုပ်သည်မှာ ကြာပြီဖြစ်ပါသည်။

ထိုရေမြောင်းအတွင်းသို့ အနီးရှိ စားသောက်ဆိုင်နှစ်ဆိုင်မှ ရေဆိုးများ စွန့်ပစ်လျက်ရှိရာ ပတ်ဝန်းကျင်နေပြည်သူများ အနံ့အသက်ဆိုးများကို နေ့စဉ်ရှူရှိုက်နေရသောကြောင့် အဆိုပါ ရေမြောင်းအားသန့်ရှင်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

လောင်းကစားဒိုင်အရေးယူပေးပါ

စာတည်းခင်ဗျား-

သထုံမြို့နယ် ကျိုက္ကော်ကျေးရွာ ထီပုံးစုရပ်ကွက်ရှိအိမ်တစ်အိမ်တွင်နှစ်လုံးထီနှင့် လောင်းကစားဝိုင်းများ ပြုလုပ်လျက်ရှိပါသဖြင့် အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ကျိုက္ကော်ရွာသား

ကြေးမုံ The Mirror — ပြည်သူ့ထံမှပေးစာ

ကားဘော်ဒီရုံမှ မီးဘေးအန္တရာယ် တားဆီးကာကွယ်

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် (၃)ရပ်ကွက် မဟာဘောဂလမ်းရှိ ဘော်ဒီရုံတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီများ သိုလှောင်ထားရှိပြီး လေအိုးမီးအိုးများဖြင့် ဘော်ဒီဖာထေး ဖြတ်ဆက်ခြင်းများ ပြုလုပ်နေသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဘော်ဒီရုံအား လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လှိုင်သာယာသား

ကဏန်းအပုပ်နံ့မခံနိုင်

စာတည်းရှင့်-

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်ရိပ်သာ(၃)လမ်းရှိအိမ်တစ်အိမ်တွင် ကဏန်းများ ရောင်းဝယ်လုပ်ကိုင်လျက်ရှိရာ ကဏန်းအပုပ်နံ့များကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းကို စိစစ်ဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။

ဘုရင့်နောင်ရိပ်သာမိသားစု

သောက်သုံးရေရရှိရေး စီစဉ်ပေးပါ

စာတည်းခင်ဗျား-

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ သောက်သုံးရေခက်ခဲသော ကျေးရွာခုနစ်ရွာအတွက် ပြည်သူများပူးပေါင်း၍ ပင်းချောင်းရေလှောင်တမံမှ ရေပေးစနစ်တစ်ခု တည်ဆောက်ခဲ့ရာ မုံကမ်းကျေးရွာ တစ်ရွာတည်းသာ ရေရရှိနေပါသေးသည်။ သို့ဖြစ်ပါ၍ ကျန်ကျေးရွာများ သောက်သုံးရေရရှိရေး ဆက်လက် စီစဉ်ပေးပါရန် တင်ပြအပ်ပါသည်။

ရေလိုသူ

ဈေးလယ်ကအုန်းပင် ရှင်းလင်းစေချင်

စာတည်းရှင့်-

မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက် ဈေးကလေး သွပ်မိုးရုံ ဆိုင်အမှတ် ၁၈၀ မျက်နှာစာရှိ အုန်းပင်မှ အုန်းလက်များနှင့် အုန်းသီးခြောက်များ မကြာခဏ ကြွေကျသဖြင့် သွပ်မိုးရုံနှင့် အရှေ့ဘက် ဆိုင်ခန်းများ၏ သွပ်မိုးများ ပျက်စီးရပါသည်။ ဆိုင်ခန်းများသာမက ဈေးဝယ်လာသူများကိုပါ အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် အဆိုပါ အုန်းပင်အား ခုတ်လှဲရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ဈေးဝယ်သူတစ်ဦး

စည်းကမ်းမဲ့ခရီးသည်ခေါ်မှု ကြပ်မတ်ဆောင်ရွက်ပြီးစီး

၃၀-၉-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ လှိုင်သာယာမြို့နယ် ဒဂုံဈေး အဝေးပြေးယာဉ် ရပ်နားစခန်းမှ "စည်းကမ်းမဲ့ခရီးသည်ခေါ်မှု ကြပ်မတ်ပေးစေချင်" ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ရော်ဘာစက်ရုံမှ အနံ့ဆိုးများ ဆောင်ရွက်ပေးပြီး

၁-၇-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ "မော်လမြိုင်မြို့၊ ဈေးကြို ဆန်တန်းရှိ ရော်ဘာစက်ရုံမှ စွန့်ပစ်ရေအနံ့ဆိုးများ မထွက်ပေါ်စေရေး ဆောင်ရွက်ပေးပါ" ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံ သတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီး၏ (၉၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဂေါပကအဖွဲ့က ကြီးမှူး၍ ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဇန်နဝါရီ ၁၆ ရက်မှ ၂၀ရက်အထိ ဆွမ်းတော်ကြီးတင်ကပ်လှူပူဇော်ပွဲ၊ ဇန်နဝါရီ ၁၂ ရက်မှ ၂၀ ရက်အထိ အသံမစဲ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ၊ ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် သံဃာအပါး ၁၈၀ နှင့် သီလရှင် အပါး ၅၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ကို ကျင်းပသွားမည်ဖြစ်ရာ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၃၇၁၅၆၁၊ ၃၇၁၅၆၂၊ ၃၇၁၅၆၃ တို့ကို ဆက်သွယ်၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇန်နဝါရီ ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် ဒီဇင်ဘာ ၂၉ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဇီးပင်ကြီးသင်တန်းကျောင်းရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထိုမှ တစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မန္တလေးတိုင်းဦးစီးဌာနမှူးရုံး၌ တိုင်း၊ခရိုင်၊မြို့နယ် ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဒီဇင်ဘာ ၃၀ရက်တွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံးခန်း၌ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ရွှေဘိုခရိုင်တို့မှ ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဒီဇင်ဘာ ၃၁ရက်တွင် မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်းတွေ့ဆုံပြီး ဝန်ကြီးဌာန၏ အဓိကတာဝန်ကြီး(၃)ရပ်နှင့် လုပ်ငန်းတာဝန်(၉)ရပ်တို့အား ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရေးနှင့် ဝန်ထမ်းများသစ္စာရှိစွာဖြင့် မိမိအဆင့်နှင့် လျော်ညီအောင် သိက္ခာရှိရှိနေထိုင် ကြိုးစား၍ လာဘ်လာဘကင်းရှင်းကြစေရန်နှင့် ပါတီနိုင်ငံရေး ကင်းရှင်းကြစေရန်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် မဏိစန္ဒာလမ်း(၂)ရပ်ကွက်နေ ဦးသန်းနိုင်–ဒေါ်ဝဏ္ဏပပ၊ သား မောင်ရှိုင်းမင်းဦး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။ (က–ပ)

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါန အတွက် ဗဟန်းရွှေတောင်ကြား (၁)ရပ်ကွက် အင်းယားမြိုင်လမ်းနေ မိခင်ကြီး ဒေါ်စန်းကြည် (၂၁)နှစ်ပြည့် အတွက်ရည်စူး၍ ဦးဘုန်းမောင်စိုး–ဒေါက်တာ ဒေါ်ရီရီမြ၊ သမီးများ–မမြဘုန်းသန့်၊ မမြဘုန်းဝင့်၊ မမြဘုန်းထက် မိသားစုတို့က ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါနအတွက် ငွေကျပ်တစ်သိန်း၊ မျက်စိအထူးကုအတွက် ငွေကျပ်တစ်သိန်း၊ စစ်ကိုင်း–မင်းကွန်းကားလမ်း မြေဖို့အလှူအတွက် ငွေကျပ်တစ်သိန်းနှင့် မောင်ထွန်းမြတ်ဘွား၏ ကိုးနှစ်မြောက်မွေးနေ့ဒါန လမ်းမြေဖို့ အလှူငွေကျပ် လေးသောင်းလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်း ၁၈(ဒီ)ရပ်ကွက် သုခမိန်လမ်းနေ ဦးကံမြင့် (လ/ထညွှန်မှူး–ငြိမ်း၊ ကက(ငွေ)]၏ ဇနီး ဒေါ်မြင့်မြင့်သန်း၊ သား ကိုကျော်ဇေယျလှိုင်၊ သမီး မလဲ့ဥမ္မာ၊ မြေး မောင်အောင်ခန့်မင်း မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပြပွဲတင် ပန်းချီ၊ ပန်းပု လက်ရာများ ပြန်လည်ထုတ်ယူနိုင်

ရန်ကုန် ဇန်နဝါရီ ၆

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)၏ စီစဉ်မှုဖြင့် ပန်းချီ၊ ပန်းပုပြပွဲကြီးကို မန္တလေးမြို့ မြို့တော်ခန်းမတွင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၀ရက်မှ ၁၆ရက်အထိ စည်ကားသိုက်မြိုက်စွာ ပြသခဲ့သည်။

အဆိုပါပြပွဲတွင် တင်သွင်းပြသခဲ့သည့် အနုပညာရှင်များ၏ ပန်းချီ၊ ပန်းပုလက်ရာများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ ပန်းချီ၊ ပန်းပုကျောင်းများ၌ ဇန်နဝါရီ ၆ ရက်မှ ၁၄ ရက်အထိ ရုံးအချိန်အတွင်း ပြန်လည်ထုတ်ယူနိုင်ကြပြီး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးနှင့် အိုအေစစ်တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့အလှ ပန်းချီပြိုင်ပွဲဝင် ပန်းချီကားများကို ဗိုလ်ချုပ်ဈေးရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ရုံးခန်းသို့ ဇန်နဝါရီ ၃၁ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရသည်။ (က–ပ)

ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား (၁၀၂) နှစ်ပြည့် (၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဇန်နဝါရီ ၁၆ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ဓမ္မပူဇာတရားပွဲများကို ညစဉ် ၇ နာရီမှစ၍ အာရုံခံတန်ဆောင်းကြီးတွင် ဟောကြားမည်ဖြစ်ရာ ဇန်နဝါရီ ၁၆ ရက်ညတွင် ဆရာတော် ဦးစရိယ(နိုင်ငံတော်ဗဟိုဝန်ဆောင်) သာသနဇောတိကပဝရဓမ္မာစရိယ ဂန္ထကာရက အောင်မင်္ဂလာကျားကျောင်း ဆရာတော်၊ ၁၇ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၁၈ရက်တွင် ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) တိပိဋကရေဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ၁၉ ရက်တွင် ဆရာတော် ဘဒ္ဒန္တကိတ္တိသာရ မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းတောရ တပ်ဦးဆရာတော်၊ ၂၀ ရက်တွင် သီတဂူကြာတစ်ပွင့် ဘဒ္ဒန္တခေမာစာရ တိပိဋကတစ်ပုံခွဲအောင် ရွှေပြည်ဟိန်းကျောင်းတိုက် ဆရာတော်တို့က ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရသည်။ (ဝ၄)

အင်တာနက် ကျန်းမာရေးသတင်း

ဦးနှောက်မဖွံ့ဖြိုးသော ကလေးငယ်အား မကြီးထွားအောင် ဆေးပညာဖြင့် ဟန့်တားထား

ချီကာဂို ဇန်နဝါရီ ၆

အမေရိကန်မိဘနှစ်ပါးတွင် ကိုယ်စိတ်နှစ်ပါးစလုံး အကြီးအကျယ်ချို့တဲ့နေသည့် အက်ရှလေအမည်ရှိ သမီးကလေး မွေးဖွားလာသည်။ မသန်မစွမ်းသောသမီးကလေး အသက်အရွယ်ရလာလျှင် ဒုက္ခရောက်မည်စိုးသည့်အတွက် မိဘနှစ်ပါးသည် သမီးကလေးအား အရွယ်ထက် ပို၍ကြီးထွားမလာစေရန် ဆေးပညာအကူအညီရယူကာ ဟန့်တားခဲ့ကြသည်။

ယခုအခါ ကလေးမှာ အသက် ကိုးနှစ်အရွယ်ရှိနေပြီဖြစ်သော်လည်း ကိုယ့်အားကိုယ်ကိုး၍ မသွားနိုင်မလာနိုင်ဘဲ အိပ်ရာအတွင်း၌သာနေရသည်။ ကိုယ်ခန္ဓာအရွယ် ကြီးထွားမလာစေရန်လည်း ဟော်မုန်းအမျိုးအပြား ပေး၍ ဟန့်တားထားကြောင်း သိရသည်။

ယခုအခါ အက်ရှလေမှာ အရပ် ၄ ပေ ၅ လက်မသာရှိသည်။ ပုံမှန်အားဖြင့် ယခုအချိန်တွင် ကလေး၏ အရပ်မှာ ၅ ပေ ၆ လက်မခန့် ရှိနေရမည်ဖြစ်သည်ဟု မိဘများက ပြောကြားသည်။

သမီးကို သဘာဝနှင့်ဆန့်ကျင်အောင် ပြုလုပ်ထားသည့်ကိစ္စသည် လူ့ကျင့်ဝတ်နှင့် ဖီလာဖြစ်နေသည်ဟု ဝေဖန်မှုအမျိုးအပြား ပေါ်ထွက်လာသည်။ မိဘများကမူ အက်ရှလေကလေးကို ယခုကဲ့သို့ အခြေအနေရောက်အောင် ဖန်တီးထားခြင်းသည် ကလေးအတွက်အကျိုးများစေရန်၊ ပြုစုစောင့်ရှောက်ရလွယ်ကူစေရန် ပြုလုပ်ရခြင်းဖြစ်သည်ဟု အကြောင်းပြသည်။

အက်ရှလေနှင့် ၎င်း၏မိဘများအကြောင်းကို ၂၀၀၆ခုနှစ် အောက်တိုဘာလထုတ် ကလေးလူငယ်နှင့် မီးကောင်ပေါက်ဆိုင်ရာ ဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့ပြီးနောက် လူသိများလာခြင်းဖြစ်သည်။

ဆေးပညာရှင်များက အက်ရှလေသည် ဦးနှောက်ဖွံ့ဖြိုးမှုချို့တဲ့သော ရောဂါကို ခံစားရသည်ဟု ကောက်ချက်ချသည်။ အဆိုပါ ရောဂါကြောင့် မထနိုင်၊ လမ်းမလျှောက်နိုင်သည့်အပြင် စကားလည်းမပြောနိုင်ဘဲ အိပ်ရာတွင်း၌သာနေရသည်။ ***အင်တာနက်။***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇–၁–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၁။ ဆရာတော်ဦးဃောသိတ တရားတော် –သုညတိဆိုက်အောင်ရှုပါ
- ၉း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၉း၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်** –နှင်းခတဲ့ပျော်ရွှင်မှု
- ၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၃း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၁၄း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၄၀ ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၅ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း–၇)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ FA CUP (ဘောလုံးပွဲ) -Cardiff City Vs Tottenham Hotspur (Live)
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဒီဇင်ဘာ ၂၂ရက်က ပုဇွန်တောင်မြို့နယ် အထက(၁)၌ ကျင်းပရာ မြို့နယ် ပြန်/ဆက် ဦးစီးမှူးဒေါ်မြင့်အေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ရွှေညွန့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဇန်နဝါရီ ၄ ရက်က (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို သင်္ဃန်းကျွန်းမြို့နယ် (ခ) ရပ်ကွက်၌ ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေက မြို့နယ်တစ်ပတ် တာဝေး စက်ဘီးပြိုင်ပွဲ ပထမဆုရ သန့်ဇင်ဦးအား စက်ဘီးဆုချီးမြှင့်စဉ်။ (၅၀၆)

အသင်းဝင်များအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အပြင် ကျေးလက်မီးလင်းရေး၊ စာကြည့်တိုက် ထူထောင်ရေးတို့ကိုလည်း နယ်မြေလူထုနှင့် ပူးပေါင်းဆောင်ရွက်

✻ လက်ရှိကာလမှ

လက်ရှိကာလသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာအောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးသည် နိုင်ငံသားအားလုံး လိုချင်တောင့်တနေကြသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း။

ယင်းအမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ပြည်သူများအားလုံး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံ၏ပကတိအခြေအနေအရ သမိုင်းကပေးအပ်သော အမျိုးသားရေးတာဝန်များဖြစ်ကြောင်း၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုထားခြင်းဖြစ်ကြောင်း။

ခေတ်ဟောင်းစနစ်ဟောင်းက ခေတ်သစ်စနစ်သစ်ကို ကူးပြောင်းနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်လိုမှု၊ ဖြစ်ချင်မှုဆန္ဒအလိုကိုလိုက်ပြီး စိတ်ကူးယဉ်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်၏ သမိုင်းကြောင်း၊ မီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပကတိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများအရ အကြောင်းနှင့်အကျိုး ဆင်ခြင်သုံးသပ်ပြီး မှန်ကန်သည့်မူ၊ ပကတိအခြေအနေဖြင့် ကိုက်ညီသည့် လမ်းစဉ်၊ စေတနာပါသည့်လက်တွေ့ အကောင်အထည်ဖော်မှုများနှင့် စဉ်ဆက်မပြတ်ကြိုးပမ်းအကောင်အထည်ဖော်ကြရခြင်းဖြစ်ကြောင်း၊ ခေတ်ဟောင်းစနစ်ဟောင်းက ခေတ်သစ်စနစ်သစ်ကို ညင်သာစွာကူးပြောင်းရေးသည်လည်း မွန်မြတ်သောစေတနာအပေါ် အခြေပြုထားသည့် မှန်ကန် အရေးပါသော လုပ်ဆောင်မှုဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအချို့တွင် စနစ်ဟောင်းက စနစ်သစ်ကို အသွင်ကူးပြောင်းရာ၌ ညင်သာမှုမရှိသည့်အတွက် ပြည်တွင်းစည်းလုံးညီညွတ်မှုပြိုကွဲပြီး အကြမ်းဖက်မှုများ၊ ဖောက်ခွဲတိုက်ခိုက်မှုများ၊ ပစ်ခတ်မှုများနှင့် ပြည်တွင်းစစ်ဖြစ်လုနီးပါး အန္တရာယ်များကြုံတွေ့နေကြရသည်ကို အထင်အရှား တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ စနစ်တစ်ခုက စနစ်တစ်ခုကို ကူးပြောင်းရာတွင် ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် စီမံဆောင်ရွက်နေခြင်းသည် နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဟု သိမြင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အခြေခံလိုအပ်ချက်များ ဖြစ်ကြကြောင်း၊ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေး အခြေခံလိုအပ်ချက်များ တိုးတက်ရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းနေကြပြီဖြစ်ကြောင်း။

ပြည်တွင်းက စစ်မှန်သည့် အားများဖြစ်သော နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု၊ ဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်မှုဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ စုစည်းညီညွတ်မှုဖြင့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်ဘဲ စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်နေကြပြီဖြစ်ကြောင်း၊ ရရှိလာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုအခြေခံကောင်းများကို ခိုင်မြဲအောင်၊ ပိုမိုတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ မိမိတို့အားလုံးတွင် တိကျပြတ်သားသည့် ရည်မှန်းချက်ပန်းတိုင်ရှိပြီးဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပေါ် အခြေခံထားသော မွန်မြတ်မှန်ကန်သည့်မူ ရှိပြီးဖြစ်ကြောင်း၊ လက်တွေ့ကျသည့် လမ်းစဉ်များလည်း ရှိပြီးဖြစ်ကြောင်း၊ စေတနာပါသည့် အကောင်အထည်ဖော်မှုများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် သာယာလှပသည့် အနာဂတ်ပုံရိပ်ကို တွေ့မြင်နေကြပြီဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ပြည်သူများ လိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများနှင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက်၊ မှန်ကန်ခိုင်မာသည့် လူငယ်လူရွယ်များကို အခြေခံပြီး ဖွဲ့စည်းခြင်းခဲ့ဖြစ်ကြောင်း၊ အသင်းဝင်များသည် သီးခြားလူတန်းစားတစ်ရပ်က ပေါက်ဖွားလာခြင်းမဟုတ်ဘဲ နယ်မြေဒေသအသီးသီးက ပြည်သူများဖြစ်သည်နှင့်အညီ ပြည်သူများနှင့် တစ်သားတည်း တစ်ဆက်တစ်စပ်တည်း ရှိကြပြီးဖြစ်ကြောင်း၊ အသင်းဝင်များသည် အသင်းကြီးက ချမှတ်ပြဋ္ဌာန်းထားသည့် အဓိဋ္ဌာန်၊ ရည်ရွယ်ချက်၊ အခြေခံမူများအပေါ် စွဲမြဲခိုင်မာသော ယုံကြည်ချက်၊ ခံယူချက်များဖြင့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် မည်သည့်အနှောင့်အယှက်၊ အဖျက်အဆီး၊ အဟန့်အတား၊ အခက်အခဲများကို ရင်ဆိုင်စေရစေကာမူ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် အောင်မြင်မှုရရှိရေး ကြိုးပမ်းနေကြသူများဖြစ်ကြကြောင်း၊ နယ်မြေဒေသအလိုက် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရင်း နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန် စည်းရုံးရေးစွမ်းအားဖြင့် အထောက်အကူပြုနေကြပြီဖြစ်ကြောင်း၊ အသင်းဝင်အင်အားသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အမျိုးသားရေးအင်အားစုအဖြစ် ရပ်တည်နေကြပြီဖြစ်ကြောင်း။

အသင်းဝင် တစ်ဦးချင်းနှင့် ပေါင်းစုဖွဲ့စည်းထားသည့် အသင်းကြီးအနေဖြင့် နယ်မြေအကျိုးကို သယ်ပိုးရာတွင် ပိုမိုထိရောက်အောင်မြင်စေရန် အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းမြင့်မားမှုသည်လည်း အရေးပါသည့်အချက်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းကြီးအနေဖြင့် အသင်းကြီးကို စတင်ထူထောင်သည့်အချိန်ကစပြီး စနစ်တကျဖွဲ့စည်းမှုနှင့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ်ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ လေ့ကျင့်မှုတိုင်းသည် အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းများတိုးတက်လာစေမည်ဖြစ်သည့်အပြင် အရည်အချင်းမြင့်မားသည့် အသင်းဝင်များဖြင့် ဖွဲ့စည်းထားသည့် အသင်းအဆင့်ဆင့်အနေဖြင့်လည်း နယ်မြေလူထုအကျိုးကို ပိုမိုသယ်ပိုးနိုင်မည်ဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်းတွင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ မှန်ကန်သည့် ဦးဆောင်မှုနှင့် နာခံခြင်း အလေ့အကျင့်ကောင်းများရရှိရေး၊ မှန်ကန်သော ဦးဆောင်မှုကိုခံယူခြင်းဖြင့် စုစည်းညီညွတ်သော အင်အားစုအဖြစ် နိုင်ငံအတွက် အကျိုးပြုနိုင်ရေး၊ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်အတွက် ဖြစ်ပေါ်ပြောင်းလဲမှု၊ တိုးတက်မှုအခြေအနေစသည့် ဘာသာရပ်များကို လေ့လာခဲ့ကြပြီးဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအတွက် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန်၊ နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကို တိုးတက်ရရှိစေရန်၊ တွေ့ကြုံရမှုများအပေါ် မှန်ကန်စွာ ခွဲခြားသုံးသပ်နိုင်စေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းရည်ထက်မြက်ကောင်းမွန်နေစေရန် အလေးထားပြီး လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းက ဆွေးနွေးပို့ချမှုများအပေါ် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် ဆက်စပ်ပေါင်းစပ်ပြီး နယ်မြေအကျိုးအတွက် ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်ချီသည့် အချိန်ကစပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခဲ့သည့်နိုင်ငံဖြစ်ကြောင်း၊ မြန်မာ့သမိုင်းမှာ နယ်ချဲ့များ၏ အမျိုးမျိုးသော အကြောင်းရှာ ရန်စမှုများပြုလုပ်ပြီး စတင်ကျူးကျော်မှု သုံးကြိမ်တိုင်တိုင် ပြုလုပ်ခံခဲ့ရကြောင်း၊ တတိယအကြိမ်တွင် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးပြီး နယ်ချဲ့တို့၏ လက်အောက်ကျရောက်ခဲ့ကြရကြောင်း၊ ထိုစဉ်က နယ်ချဲ့တို့ကို ရှုံးနိမ့်ခဲ့ရသော်လည်း မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်တွေ မပျောက်ခဲ့ကြောင်း၊ အမျိုးကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့် စိတ်များလည်း ကွယ်ပျောက်ခဲ့ခြင်းမရှိသည့်အပြင် တိုင်းရင်းသားအားလုံး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ရေးအတွက် အသင်းဝင်အားလုံး ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အမိမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင်၊ အစဉ်ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းကာကွယ်တည် ဆောက်သွားကြရမှာဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးနောက် မြန်မာ့သမိုင်းတစ်လျှောက်တွင်လည်း ဝါဒအစွဲသန်သူများ၊ လူမျိုးရေးအစွဲသန်သူများ၊ ပုဂ္ဂလိကကောင်းစားရေး၊ ကိုယ့်ပါတီကောင်းစားရေး အားသန်သူများ၊ အတ္တစွဲ၊ မာနစွဲ၊ ပုဂ္ဂိုလ်စွဲရှိသူများကြောင့် ပြည်သူများလိုလားသည့် အမျိုးသားရေးရည်မှန်းချက်ကို ဝိုင်းဝန်းလုပ်ဆောင်ကြရမည့်အစား ပါတီအချင်းချင်း၊ ပါတီတစ်ခုတည်းက အုပ်စုကွဲအချင်းချင်း စိတ်ဝမ်းကွဲမှု၊ ပဋိပက္ခဖြစ်မှုများနှင့် အချိန်ကုန်ခဲ့ရသည့် အတိတ်ဖြစ်စဉ်များကို သင်ခန်းစာယူကြရမှာဖြစ်ကြောင်း။

လက်ရှိကာလသည် နိုင်ငံတော်သစ်ကို ထူထောင်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ အသင်းဝင်တိုင်း ပြည်သူများနှင့်လက်တွဲပြီး နိုင်ငံတော်သစ်ထူထောင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့စေရန်နှင့် အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံများချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကိုလည်း ကျင်းပနေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် အနာဂတ်နိုင်ငံတော်အတွက် အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းတိုင်ပင်ဆုံးဖြတ်နေကြပြီဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်မှတစ်ပါး အခြားမရှိဟု ယုံကြည်ထားပြီးဖြစ်သည့်အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံသားအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ကျေးလက်ဒေသသည် နိုင်ငံတော်၏ အခြေခံအကျဆုံး ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော် တစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် အထူးဒေသကြီး ၂၄ခု၊ နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးသာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ စီမံအကောင်အထည်ဖော်လျက်ရှိကြောင်း၊ အသင်းဝင်များအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အပြင် ကျေးလက်မီးလင်းရေး၊ စာကြည့်တိုက်ထူထောင်ရေးတို့ကိုလည်း နယ်မြေလူထုနှင့်ပူးပေါင်းပြီး ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက်လည်း ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ဒေသခံအသင်းဝင်များအနေနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် တစ်ဧကကိုစပါးတင်း ၄၀ လောက်သာထွက်သည့် နေရာတွင် တင်း ၁၀၀ ကျော်အထိ ထွက်ရှိလာပြီး အချို့မြို့နယ်၊ ခရိုင်များတွင် စပါးတင်း ၁၀၀ကျော် ပျမ်းမျှထွက်ရှိအောင် ဆောင်ရွက်နိုင်ကြကြောင်း၊ တောင်သူများ၏ စီးပွားရေးဘဝ ခိုင်မာစေရန် အထောက်အကူပြုနေပြီဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး၏ အခြေခံအုတ်မြစ်များဖြစ်သည့် ရပ်ရေး ရွာရေးများတွင်လည်း အသင်းဝင်အားလုံး စစ်မှန်သည့် စေတနာဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ဆက်လက်ကြိုးပမ်းသွားကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

အသင်းဝင်များသည် နေရာဒေသအနှံ့အပြား၌ ရှိနေကြသူများ ဖြစ်သည့်အတွက် ပကတိ ဖြစ်ပေါ်တိုးတက်မှုများကို သိမြင်ခံစားနိုင်ကြသူများဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပက အဖွဲ့အစည်းအချို့၊ လူပုဂ္ဂိုလ်အချို့၏ ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး ပြောဆိုလုပ်ဆောင်မှုများသည် အမျိုးသားအကျိုးစီးပွားအတွက် ပျက်ပြားဆုတ်ယုတ်မှုကိုသာ ဖြစ်စေနိုင်သည်ကို သတိပြုရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးအောင် လှုံ့ဆော်ရေးသားထုတ်လွှင့်မှုများ၊ လုပ်ကြံသတင်း၊ မမှန်သတင်း၊ ကောလာဟလသတင်းများ ထုတ်လွှင့်မှု၊ အပြစ်မဲ့ ပြည်သူတွေ ထိခိုက်ဒဏ်ရာရအောင်၊ လမ်းတံတားတွေပျက်စီးအောင် ဖောက်ခွဲဖျက်ဆီးရန်

နိုင်ငံခြားမှ ဝယ်ယူနေရသည့် ရော်ဘာပစ္စည်းမြောက်များစွာကို ပြည်တွ[...] ထုတ်ကုန်များ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ထိုးဖောက်အောင်[...]

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ရော်ဘာပစ္စည်းနှင့် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်[...] သော ရော်ဘာပစ္စည်းပြပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းစိန်စက်ခေါင်းစက်ရုံ၌ ကျင်းပသည်။

ပြပွဲတွင် ရော်ဘာပစ္စည်းနှင့် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အမှာစကား ပြောကြားရာတွင် ယခင်က ပြည်တွင်းစက်ရုံများ၌ လိုအပ်သည့် ရော်ဘာစက် အစိတ်အပိုင်းများ၊ ဆန်စက်ရော်ဘာကြိတ်လုံးများ၊ မော်တော်ယာဉ်၊ ရေယာဉ်၊ ရထား၊ လယ်ထွန်စက်သုံး ရော်ဘာပစ္စည်းများ၊ ပုံနှိပ်စက်သုံးရိုလာ အစရှိသည့် ရော်ဘာအသုံးအဆောင်များ၊ အိမ်အသုံးအဆောင်၊ လူအသုံးအဆောင် ရော်ဘာပစ္စည်းများကို ပြည်ပမှ မှာယူသုံးစွဲခဲ့ပြီး အနည်းအကျဉ်းကိုသာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခု ပြည်တွင်းလုပ်ငန်းရှင်များ၏ ကြိုးပမ်းမှုဖြင့် ယခင်နိုင်ငံခြားမှ ဝယ်ယူနေရသည့် ရော်ဘာပစ္စည်းမြောက်များစွာကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဤပြပွဲကို ယခုကဲ့သို့ ပြသခြင်းအားဖြင့် ရော်ဘာပစ္စည်းသုံးစွဲသူနှင့် ထုတ်လုပ်သူများ တွေ့ဆုံပြီး ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများ ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့အတူ သုံးစွဲသူအချင်းချင်း အကြံကောင်း၊ ဉာဏ်ကောင်းဖလှယ်နိုင်ကြမှာ ဖြစ်သကဲ့သို့ ထုတ်လုပ်သူ လုပ်ငန်းရှင်အချင်းချင်း တွေ့ဆုံမိပြီး မိမိတို့လုပ်ငန်းများကို ယခုထက်တိုးတက်အောင် အနာဂတ်တွင် မည်သို့စီမံဆောင်ရွက်ကြမည်ဆိုသည့် အကြံသစ်၊ ဉာဏ်သစ်များကို ဆွေးနွေးပြီး ခေတ်နှင့်အညီ ရော်ဘာပစ္စည်းထုတ်လုပ်မှုကဏ္ဍသစ်ကို တည်ထောင်နိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း။

ရော်ဘာလုပ်ငန်း အားလုံးသည် အသေးစားလုပ်ငန်းများ ဖြစ်ကြသဖြင့် တစ်ဦး ချင်းအနေနှင့် အရင်းအနှီး အားနည်းနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပိုမိုထိရောက်သော နည်းပညာများရရှိရေး၊ ပြည်တွင်း၊ ပြည်ပဈေးကွက်များ ထိုးဖောက်ရေး၊ ဝယ်ယူသူ လိုအပ်သည့် ပစ္စည်းအမျိုးအစားကို အရေအတွက်နှင့် အရည်အသွေး ရရှိအောင် ထုတ်လုပ်နိုင်ရေးတို့မှာ အနည်းနှင့်အများ ချို့တဲ့အားနည်းနေမည်ဖြစ်ကြောင်း၊ ယင်းအားနည်းချက်များကို ကျော်လွှားနိုင်ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် စုစုစည်းစည်းအသင်းဖွဲ့စည်းခြင်း၊ စုပေါင်းအင်အားဖြင့် လိုအပ်သည့်

ရော်ဘာပစ္စည်းနှင့် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရော်ဘာပစ္စည်းပြပွဲတွင် ပြသထားသော စက်အရန်ပစ္စည်းနှင့် အစိတ်အပိုင်းများကို ကြည့်ရှုလေ့လာစဉ်။ (ရထား)

ကြိုးစားလာမှုတွေ၊ လူထုကို လမ်းပေါ်ထွ[...]
သွေးထိုးလုပ်ဆောင်မှုတွေအားလုံးသည် အပ[...]
ကိုသာ ဖြစ်ပေါ်နိုင်ကြောင်း ပြည်သူအ[...]
မှားယွင်းသည့်အဖျက်လုပ်ရပ်တွေကို အ[...]
ဝိုင်းဝန်းကာကွယ်ရင်း၊ အပြုသဘောဆောင်[...]
တုံ့ပြန်သွားကြရမှာဖြစ်ကြောင်း၊ ပကတ[...]
အားလုံး သိရှိရေးအတွက် ဆောင်ရွက်သွ[...]
နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည[...]

- **သင်တန်းကပို့ချလိုက်သည့် [...] ဘဝအတွေ့အကြုံနှင့် ဆက်စပ်[...] ကြီး၏ စည်းရုံးရေးမူကောင်း၊[...] ပြည်သူ့အကျိုး၊ နိုင်ငံအကျိ[...] ဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသားပြည်သူများအ[...] အစဉ်ရှင်သန် ထွန်းကားရေး[...]**
- **အသင်းကြီးက ချမှတ်ပေးထာ[...] နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့[...] ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွာ[...]**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူ[...] အတွက် မိမိကိုယ်တိုင်သာမက[...] ရွက်လာအောင် စည်းရုံးရေး[...]**

ဟု ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြော[...]
ဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သ[...]

အခမ်းအနားအပြီးတွင် အထွေ[...]
သင်တန်းသား၊ သင်တန်းသူများအား ရ[...]

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေး[...]
များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်[...]
သင်တန်းသား သင်တန်းသူ ၂၀၀ တက်[...]
ရက်သတ္တလေးပတ် ကြာမြင့်ကြောင်း သိ[...]

ကြိုးစားလာမှုတွေ၊ လူထုကို လမ်းပေါ်ထွက်လာပြီး ဆူပူအုံကြွမှုဖြစ်အောင် သွေးထိုးလုပ်ဆောင်မှုတွေအားလုံးသည် အဖျက်သဘောတွေဖြစ်ပြီး ဆိုးကျိုးတွေကိုသာ ဖြစ်ပေါ်နိုင်ကြောင်း ပြည်သူအားလုံး သိရှိနေကြပြီဖြစ်ကြောင်း၊ မှားယွင်းသည့်အဖျက်လုပ်ရပ်တွေကို အသင်းဝင်အားလုံး ပြည်သူများနှင့် ဝိုင်းဝန်းကာကွယ်ရင်း၊ အပြုသဘောဆောင်သည့်လုပ်ရပ် တိုးမြှင့်လုပ်ဆောင်ရင်း တုံ့ပြန်သွားကြရမှာဖြစ်ကြောင်း၊ ပကတိအခြေအနေမှန်တွေကို ပြည်သူအားလုံး သိရှိရေးအတွက် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ—

- **သင်တန်းကပို့ချလိုက်သည့် အသိပညာ၊ အတတ်ပညာများကို ဘဝအတွေ့အကြုံနှင့် ဆက်စပ်ပြီး လက်တွေ့နယ်ပယ်မှာ အသင်းကြီး၏ စည်းရုံးရေးမှူးကောင်း၊ တည်ဆောက်ရေးမှူးကောင်းအဖြစ် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသားပြည်သူများအကြား စစ်မှန်သော မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန် ထွန်းကားရေး ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **အသင်းကြီးက ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိကိုယ်တိုင်သာမကဘဲ လူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်လာအောင် စည်းရုံးရေးစွမ်းအားဖြင့် ကြိုးပမ်းသွားကြပါ**

ဟု ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၃) သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးထံ Myanmar CD-ROM WWW. Group ဥက္ကဋ္ဌ ဦးမောင်မောင်အေးနှင့် ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌ ဦးခင်ဇော်တို့က ရွှေလျားပေါင်းစပ်မှု မှတ်တမ်းတင်ပိုစတာကားချပ်များကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) မြန်မာချက် အိတ်ဆောင်မှတ်တမ်းများနှင့် ပိုစတာကားချပ်များ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) မြန်မာချက် အိတ်ဆောင်မှတ်တမ်းများနှင့် ရွှေလျားပေါင်းစပ်မှု မှတ်တမ်းတင်ပိုစတာကားချပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ဧည့်ခန်းမ၌ကျင်းပသည်။

လှူဒါန်းပွဲသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဌာနချုပ်မှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသော Myanmar CD - ROM WWW. Group ဥက္ကဋ္ဌ ဦးမောင်မောင်အေးနှင့် ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးခင်ဇော်တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ငွေကျပ် ၈၀၆၀၀၀၀ တန်ဖိုးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) မြန်မာချက် အိတ်ဆောင် မှတ်တမ်းစာအုပ် နှစ်သောင်းနှင့် ရွှေလျားပေါင်းစပ်မှု မှတ်တမ်းတင် ပိုစတာကားချပ် (အိုင်တီ D ပရိုဂရမ်နည်းပညာ) သုံးချပ်ကို ပေးအပ် လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

...စ္စည်းပြောက်များစွာကို ပြည်တွင်း၌ထုတ်လုပ်နိုင်ခဲ့ ...ကွက်များသို့ ထိုးဖောက်အောင်မြင်အောင် ကြိုးပမ်း

ဇန်နဝါရီ ၆

...ဘာပစ္စည်းနှင့် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီက ကြီးမှူးကျင်းပ ...အင်းစိန်စက်ခေါင်းစက်ရုံ၌ ကျင်းပသည်။

ထုတ်လုပ်မှုကဏ္ဍသစ်ကို တည်ထောင်နိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း။

ရော်ဘာလုပ်ငန်း အားလုံးသည် အသေးစားလုပ်ငန်းများ ဖြစ်ကြသဖြင့် တစ်ဦး ချင်းအနေနှင့် အရင်းအနှီး အားနည်းနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပိုမိုထိရောက်သော နည်းပညာများရရှိရေး၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များ ထိုးဖောက်ရေး၊ ဝယ်ယူသူ လိုအပ်သည့် ပစ္စည်းအမျိုးအစားကို အရေအတွက်နှင့် အရည်အသွေး ရရှိအောင် ထုတ်လုပ်နိုင်ရေးတို့မှာ အနည်းနှင့်အများ ချို့တဲ့အားနည်းနေမည်ဖြစ်ကြောင်း၊ ယင်းအားနည်းချက်များကို ကျော်လွှားနိုင်ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် စုစုစည်းစည်းအသင်းဖွဲ့စည်းခြင်း၊ စုပေါင်းအင်းအားဖြင့် လိုအပ်သည့် နည်းပညာရရှိရေး၊ အရည်အသွေး မြှင့်တင်ရေးနှင့် စံချိန်စံညွှန်းများကို ထိန်းသိမ်းရေး၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များကို ပိုမိုထိုးဖောက်ပြီး မိမိလုပ်ငန်း ရှင်သန်ကြီးထွားရေး စသည်များကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် လုပ်ငန်းငယ်များအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် လုပ်ငန်းတူရာများကို အသင်းဖွဲ့စည်းပြီး စုပေါင်းရင်ဆိုင်ကျော်လွှားသည့် အလေ့အကျင့်မှာ ရေပန်းစားနေပြီဖြစ်ကြောင်း၊ ဤအလေ့အကျင့်ကို လေ့လာပြီး မိမိတို့အခြေအနေနှင့် ကိုက်ညီပြီး အကျိုးရှိနိုင်သည်များကို ကျင့်သုံး၍ မိမိတို့ထုတ်ကုန်များ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ပိုမိုထိုးဖောက်အောင်မြင်အောင် ကြိုးပမ်းပေးကြပါဟု အားပေး တိုက်တွန်းလိုပါကြောင်း။

ရော်ဘာပစ္စည်းများနှင့် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောက်လျှောက် အားပေးကူညီခဲ့ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ရော်ဘာနည်းပညာသုတေသန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ သဃ်န်းကျွန်း ရော်ဘာစက်ရုံတို့အပြင်လက်တွေ့ကြိုးပမ်းအားထုတ်ပေးကြသည့် ရော်ဘာလုပ်ငန်းရှင်များအားလုံး၊ ကြွရောက်လာကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပညာရှင်များ အားလုံးကို ကျေးဇူးတင်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့် မြန်မာ့စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌတို့က ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြသထားသော ရော်ဘာပစ္စည်းများ၊ စက်ခေါင်း၊ လူစီးတွဲ၊ ကုန်တွဲများတွင် အသုံးပြုနေသော စက်အရန်ပစ္စည်း၊ စက်အစိတ်အပိုင်းများအား ပြည်တွင်းလုပ်ငန်းရှင်များက ကူညီ ထုတ်လုပ်ပေးနိုင်ရေးအတွက် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တက်ရောက်သူများ အချင်းချင်း ရော်ဘာပစ္စည်း ထုတ်လုပ်မှုဆိုင်ရာများကို ဆွေးနွေးကြသည်။

ပြည်တွင်း၌ ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာနေပြီဖြစ်ရာ စက်ရုံ၊ အလုပ်ရုံများ၌ လိုအပ်သော ရော်ဘာစက် အရန်ပစ္စည်းနှင့် အစိတ်အပိုင်းများ၊ မော်တော်ယာဉ်၊ ရေယာဉ်၊ ရထားသုံး ရော်ဘာ အစိတ်အပိုင်းများ၊ ရေစိမ်ခံ၊ ဆီစိမ်ခံ၊ ဖိအားခံ၊ အကြမ်းတမ်းခံ ရော်ဘာပစ္စည်းများ၊ မော်တော်ယာဉ်နှင့် လူစီးရထားတွဲများ၌ အသုံးပြုသော ရော်ဘာလေအိတ်များကို အဆင့်မီ၊ အရည်အသွေးမီ တိုးချဲ့ထုတ်လုပ်လာနိုင်ကြောင်းနှင့် ဆန်စက်သုံး ရော်ဘာကြိတ်လုံးများ၊ ရော်ဘာကုန်ချောပစ္စည်းများကို ပြည်ပသို့ တိုးချဲ့ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရော်ဘာပစ္စည်းပြပွဲကို ဇန်နဝါရီ ၁၂ ရက်ထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄ နာရီအတွင်း ပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

...ပ်ကော်မတီ ဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေး ...တွင် ပြသထားသော စက်အရန်ပစ္စည်းနှင့်

(ရထား)

ဒီဇင်ဘာ ၂၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အခြေခံစည်းရုံးရေး သင်တန်း အမှတ်စဉ်(၂၉) ဖွင့်ပွဲကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နယ်ချဲ့ရန်စွယ် ဒို့ကာကွယ်

* တိုင်းရင်းသားစုံ၊ တစ်အူထုံ့ဆင်း
တိုင်းစုံပြည်ရွာ၊ စည်သာယာဖို့
ရင်မှာသိုထား၊ မျိုးချစ်ဓားဖြင့်
စွမ်းအားထက်သန်၊ မျိုးချစ်လုံ့ဖြင့်
အကြံကောက်ကျစ်၊ နယ်ချဲ့ညစ်အား
အမြစ်မကျန်၊ တွန်းလှန်ဖယ်ရှား
စွန့်စားပေးဆပ်၊ ပြည်လွတ်လပ်ခဲ့။

* ထိုလွတ်လပ်ရေး၊ ဘေးဆိုးတွေ့အောင်
ကြံဆောင်ဖျက်ဆီး၊ နယ်ချဲ့မီးကား
မပြီးဆုံးခဲ့။

* အရေးသာလျှင် ဝင်လာနှောင့်ယှက်
လက်နက်မီဒီယာ၊ ကိုင်စွဲကာဖြင့်
လေမှာလွှင့်ထုတ်၊ အကြံယုတ်ဖြင့်
မဟုတ်မဟတ်၊ လုပ်ဇာတ်ထွင်ကာ
ပြည်သာနေမှု၊ မျက်ကွယ်ရှုခဲ့။

* သူသည်ကား–––
ကရုဏာမဲ့၊ မေတ္တာမဲ့
အကြံကောက်ကျစ်၊ လွန်ဆိုးညစ်
နယ်ချဲ့လက်သစ်၊ အမှန်ဖြစ်။ ။

ရဲရင့်သွေး(ဥပဒေ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇–၁–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၁၀ ၇။ ဘော်ဘင်ရေလှောင်တမံ
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Say it in English.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၅ ၄။ Yan Can Cook.
- ၁၁း၅၀ ၅။ **မြန်မာရုပ်ရှင် "ကိုယ်ရယ် တိုးရယ်စိုးစိုးရယ်" (ညွှန့်ဝင်း၊ ခင်သန်းနု၊ သန်းထွဋ်၊ ပုလဲ) (ဒါရိုက်တာ–ဦးတင်မောင်)**
- ၁း၅၀ ၆။ စိန်ရတုအထိမ်းအမှတ် ပန်းပွဲတော်နွဲ့ကြတူပျော်ပျော်
- ၂း၀၀ ၇။ အရေးပြိုင်ပွဲ
- ၂း၁၀ ၈။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
- ၂း၂၀ ၉။ **"သတိတစ်ချက် တစ်သက်အမှား" (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သကြီန်အောင်) (ဒါရိုက်တာ–စောနန္ဒာလှိုင်၊**
- ၂း၃၀ ၁၀။ ဗိုက္ကရဲရေထိန်းတံခါး
- ၂း၄၅ ၁၁။ International News.
- ၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Every Use
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၅း၁၀ ၆။ "သီးနှံစိုက်ပျိုး အထွက်တိုး" (ဆောင်းရာသီ ပဲတီစိမ်း ပန်းတိုင်)
- ၅း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ သီရိဂေဟာ
- ၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ကြွေရင်ခုန်သံ" (အပိုင်း–၁၀)**
- ၇း၄၅ ၁၂။ **အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု "သမိုင်းမော်ကွန်း ထွန်းသစ်ဝေဖြာ ပြည်မြန်မာ"**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လှပသောနေ့ရက်များ" (အပိုင်း–၁၄)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်ရန်မှာ ပြည်သူတစ်ရပ်လုံး၏တာဝန်
အသက်အန္တရာယ်ကင်းဝေးရေးအတွက် ဗဟုသုတရှိရန်နှင့် ကြိုတင်အစီအမံများ ပြုလုပ်ရန်လို

သတင်းဆောင်းပါး - အောင်နိုင်ဦး(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း - မီးသတ်ဦးစီး

ရန်ကုန် ဇန်နဝါရီ ၆

ခြောက်သွေ့ရာသီရောက်ပြီဆိုသည်နှင့် မီးလောင်မှုသတင်းများကို မကြာခဏဆိုသလို ကြားလာရသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၀၆ ခုနှစ် နိုဝင်ဘာလတစ်လတည်းမှာပင် မီးလောင်မှု ၆၄ကြိမ် ဖြစ်ပွားခဲ့ရာ ယင်းအနက် ၂၃ကြိမ်မှာ ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြည်နယ်၊ တိုင်းများအားလုံးတွင် မီးလောင်မှုအများဆုံးပင်ဖြစ်သည်။ လူနေထူထပ်သိပ်သည်းခြင်း၊ စက်မှုလက်မှုလုပ်ငန်းအများအပြားတည်ရှိနေခြင်းတို့မှာ မီးလောင်မှုများပြားရခြင်း၏ အခြေခံကျသောအချက်များပင်ဖြစ်သည်။ စာရင်းဇယားများအရ ပေါ့ဆမှုကြောင့် မီးလောင်ခြင်းမှာ နှစ်စဉ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပေရာ မီးသုံးစွဲသူတိုင်း မီးကိုအထူးသတိပြုသုံးစွဲကြရန်နှင့် မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်ကြရန်မှာ ပြည်သူတစ်ရပ်လုံး၏ တာဝန်ပင်ဖြစ်သည်။

မီးလောင်မှုကြောင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ကုန်ထုတ်လုပ်မှု အရင်းအမြစ်များ ဆုံးရှုံးရခြင်း၊ အများပြည်သူတို့၏ အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရခြင်းအပြင် ရံဖန်ရံခါ လူ့အသက်များပါ ဆုံးရှုံးကြရကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် ဗဟုသုတအားနည်းခြင်း၊ အသက်အန္တရာယ်မှ လွတ်ရာလွတ်ကြောင်း ကြိုတင်စီမံထားရှိမှုမရှိခြင်းနှင့် ပေါ့ဆခြင်းတို့ကြောင့် ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်များနှင့် ရင်ဆိုင်ကြရသည်ဟု ဆိုရမည်ဖြစ်သည်။

မီးလောင်ရာတွင်လူ၏အသက်ကိုအန္တရာယ်ပြုတတ်သော ဓာတ်ငွေ့များ၏ သဘောသဘာဝနှင့် အသက်ကယ်ဆယ်ရေးဆိုင်ရာ ဗဟုသုတများကို ပြည်သူများ ထံတင်ပြနိုင်ရန်အတွက် ကြေးမုံသတင်းအဖွဲ့သည် မီးသတ်ဦးစီးဌာန လေ့ကျင့်ရေးဌာနစုတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ကြေးမုံ။ မီးလောင်မှုတချို့မှာ မီးခိုးမွန်ပြီး အသက်အန္တရာယ်ဆုံးရှုံးခဲ့တဲ့ ဖြစ်ရပ်တချို့ကိုတွေ့ရပါတယ်။ လူ့အသက်ကို အန္တရာယ်ပြုတဲ့ ဓာတ်ငွေ့တွေအကြောင်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ မီးလောင်မှုကြောင့်ထွက်လာတဲ့ မီးခိုးများထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနော့ဒ်ဆိုဒ်၊ ဟိုက်ဒြိုဂျင်ဆိုင်ယာနိုဒ်၊ နိုက်တြိုဂျင်ဒိုင်အောက်ဆိုဒ်၊ ဖော့စ်ဂျင်းစတဲ့ဓာတ်ငွေ့တွေနဲ့ ကာဗွန်အမှုန်တွေ ပါဝင်ပါတယ်။ အလားတူပါပဲ ရေစုပ်စက်၊မီးစက်စတဲ့ အင်ဂျင်စက်တွေကို လည်ပတ်ခုတ်မောင်းစေတဲ့အခါမှာလည်း အခုကျွန်တော်ပြောခဲ့တဲ့ ဓာတ်ငွေ့တွေ ထွက်လာပါတယ်။ ကာဗွန်မိုနော့ဒ်ဆိုဒ်ဓာတ်ငွေ့ကို ၁၀၀၀၀ PPM ရှူမိတာနဲ့တစ်မိနစ်မှ သုံးမိနစ်အတွင်း သေဆုံးသွားနိုင်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်နဲ့ အခြားဓာတ်ငွေ့တွေကိုရှူမိရင်တော့ အသက်ရှူကျပ်ခြင်း ဝေဒနာခံစားရပြီး မေ့မြောသွားစေနိုင်ပါတယ်။ အချိန်ကြာသွားရင်တော့ အသက်အန္တရာယ်ကို ထိခိုက်နိုင်ပါတယ်။

ကြေးမုံ။ နမူနာဖြစ်ရပ်တချို့ ပြောပြပေးပါ။

ဖြေ။ ၂၀၀၆ ခုနှစ် မေလအတွင်းမှာ ပဲခူးတိုင်း ရေတာရှည်မြို့နယ်ထဲက ကျေးရွာတစ်ရွာမှာ ရေတွင်းထဲကအမှိုက်တွေကို ဆင်းဆယ်ရင်းနဲ့ လူတစ်ယောက်လဲကျမေ့မြောနေတဲ့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေက ဆင်းပြီးကယ်တင်ရာမှာမီးသတ်တပ်သားတစ်ဦးရေတွင်းထဲက ဓာတ်ငွေ့ကြောင့် အသက်ဆုံးရှုံးခဲ့ရပါတယ်။ တခြားဖြစ်ရပ်တချို့ကတော့ မန္တလေးမြို့ ကဉ္စဏမဟီရပ်ကွက်က အိမ်တစ်အိမ်မှာ မီးအားမြှင့်စက်မီးလောင်ရာကနေ မီးခိုးမွန်ပြီး မိသားစုကိုးဦး သေဆုံးခဲ့မှု၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်အတွင်းက တိုက်ခန်းတစ်ခုမှာ ခြင်ဆေးခွေကနေမွေ့ရာကို မီးကူးစက်လောင်ကျွမ်းမှုကြောင့်မီးခိုးမွန်ပြီး မိသားစုခြောက်ဦးသေဆုံးခဲ့မှု၊ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း တိုက်ခန်းတစ်ခုမှာလည်း အိမ်ခန်းအတွင်း နှိုးထားတဲ့ မီးစက်က ထွက်လာတဲ့ အခိုးအငွေ့တွေကြောင့် မိသားစုသုံးဦး သေဆုံးခဲ့ရမှုစတဲ့ ဖြစ်ရပ်တွေဟာ မကြာသေးမီက ဖြစ်ပွားခဲ့ပါတယ်။

မိသားစုတွေ မီးဘေးလုံခြုံမှု၊ အရေးပေါ်လွတ်မြောက်မှုတွေအတွက် အသေးစိတ် သိလိုတဲ့အချက်တွေကို မီးသတ်တပ်ဖွဲ့သို့ ဆက်သွယ်အကူအညီရယူသွားဖို့လို။

လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်း
မီးသတ်ဦးစီးဌာန လေ့ကျင့်ရေးဌာနစုတာဝန်ခံ

ကြေးမုံ။ မီးခိုးမွန်ပြီး သေဆုံးကြရတယ်ဆိုတဲ့ ဖြစ်စဉ်တွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ခုနကပြောခဲ့တဲ့ အသက်ဆုံးရှုံးရတဲ့ ဖြစ်စဉ်တွေဟာ ညဘက်အိပ်ပျော်နေစဉ်မှာ ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။ အိပ်ရာဝင်ခါနီး တံခါးနဲ့ ပြတင်းပေါက်တွေကို ပိတ်လိုက်တဲ့အခါ အိမ်ခန်းတွေဟာ လေဝင်လေထွက်မရှိတော့ဘဲ အလုံပိတ်ဖြစ်သွားပါတယ်။ မမျှော်လင့်ဘဲ မီးလောင်မှုဖြစ်ပေါ်လာချိန်မှာ မိသားစုတွေဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြပါတယ်။ အိမ်ခန်းထဲမှာရှိတဲ့ ပစ္စည်းတွေကို တငွေ့ငွေ့လောင်ကျွမ်းရာက ထွက်လာတဲ့ မီးခိုးတွေဟာ အခန်းမျက်နှာကြက်ကို တက်သွားကြပြီး ထုထည်များလာတဲ့အခါအောက်ခြေကို တဖြည်းဖြည်း ပြို့ဆင်းလာပါတယ်။အသက်ရှူရမယ့် အောက်စီဂျင်ပမာဏဟာလည်းလျော့နည်းလာပါတယ်။ အိပ်ပျော်နေတဲ့လူတွေဆီ မီးခိုးတွေရောက်လာတော့မှ အလန့်တကြား ထထိုင်လိုက်တဲ့အခါတစ်ခန်းလုံး မီးခိုးတွေပြည့်ပြီးဘာကိုမှမမြင်ရတော့ပါဘူး။ တံခါးပေါက်ဆီကို မမြင်မစမ်းနဲ့ထိတ်လန့်တကြား ထပြေးရင်း အသက်ရှူကျပ် သတိလစ်ပြီး လမ်းခုလတ်မှာပဲ လဲကျသွားပါတယ်။ အဲဒီနောက်မှာတော့ အရှိန်အဟုန်ကြီးမား လာတဲ့မီးဟာ သတိလစ်လဲကျနေတဲ့ သူတွေကိုပါ လောင်ကျွမ်းရင်း အိမ်ခန်းတစ်ခုလုံးကိုပါ ဝါးမျိုသွားပါတော့တယ်။ ဒါဟာ ဖြစ်ရပ်မှန်တွေပဲ ဖြစ်ပါတယ်။

ကြေးမုံ။ အခုလိုဖြစ်ရပ်မျိုး ကြုံတွေ့ရပြီဆိုရင် ဘယ်လိုဆောင်ရွက်ကြရပါမလဲ။ အန္တရာယ်ကနေ တိမ်းရှောင်ရမယ့်နည်းလမ်းကို ပြောပြပါ။

ဖြေ။
(၁) ကြမ်းပြင်ပေါ်ကို လျင်မြန်စွာမှောက်ချလိုက်ပါ၊ စိတ်ကိုတည်ငြိမ်အောင်ထိန်းထားပါ။ (မီးခိုးဟာ လေထက်ပေါ့တဲ့အတွက် အခန်းရဲ့အပေါ်ပိုင်းမှာ အများဆုံးရှိနေပါတယ်။ ကြမ်းပြင်ပေါ်မှာတော့ မီးခိုးလျော့တဲ့အတွက် အသက်ရှူနိုင်တဲ့ အခွင့်အလမ်းအများဆုံးရှိနေပါတယ်။ မတ်တပ်ရပ်ပြီး သွားလာမှု လုံးဝမလုပ်ပါနဲ့)
(၂) မိသားစုကိုအော်ဟစ်သတိပေးပါ။ အရေးပေါ်ကိစ္စ ဖြစ်နေကြောင်း၊ ကြမ်းပြင်ပေါ်ကိုမှောက်ချကြဖို့နဲ့ အားလုံးသိရှိထွက်ခွာကြမယ့်အကြောင်း အသံနဲ့ဆက်သွယ်အတည်ပြုပါ။ (ဒီအချိန်မှာ ဘာပစ္စည်းကျန်ကျန် ပြန်မယူပါနဲ့၊အသက်ထက် အရေးကြီးတာ ဘာမှမရှိပါဘူး၊ မိသားစုဝင် အားလုံး အသက်အန္တရာယ်က လွတ်မြောက်ရေးသာအရေးကြီးဆုံးပါ။)
(၃) ကြမ်းပြင်ပေါ်မှာ လေးဘက်ထောက်(ဒါမှမဟုတ်) မိကျောင်းတက်အနေအထားနဲ့တံခါးဆီကိုအမြန်ဆုံးသွား၊ တံခါးကိုဖွင့်ပြီး အပြင်ထွက်ပါ။ လူအားလုံးအပြင်ရောက်ရင် တံခါးကိုပြန်ပိတ်ပါ။ (တံခါးဖွင့်ထားခဲ့ရင် ပြင်ပကအောက်စီဂျင်တွေအခန်းထဲဝင်သွားပြီး မီးလောင်မှုပိုမိုမြန်ဆန် ကြီးမားလာပါလိမ့်မယ်။)
(၄) ဘေးကင်းရာကို အမြန်ဆုံးထွက်ခွာရင်း ပတ်ဝန်းကျင်က လူတွေသိအောင် အော်ဟစ်သတိပေးပါ။ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ကို အမြန်ဆုံးအကြောင်းကြားပါ။

ကြေးမုံ။ တိုက်ခန်းတွဲတွေ၊ အထပ်မြင့်အိမ်ရာတွေမှာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ဖို့ ကြိုတင် ပြင်ဆင်ထားရမယ့် အချက်တွေကိုလည်း သိပါရစေ။

ဖြေ။
(၁) မျက်နှာကြက်အနီး နံရံမှာ လေဝင်လေထွက်ပေါက်တွေ ဖောက်ထားပါ။
(၂) ပြတင်းပေါက်တံခါး၊ ဝရန်တာတွေမှာ သံပန်း၊ သံဆန်ခါ၊ သံတိုင်တွေ အသေတပ်ဆင်ထားတာမျိုး (လုံးဝ) လုံးဝ မလုပ်ပါနဲ့။

ဓာတုကာကွယ်ရေးဝတ်စုံဝတ်ဆင်ထားသော မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းများ ဖယ်ရှားမှု လေ့ကျင့်နေစဉ်။
(ဓာတ်ပုံ-မီးသတ်ဦးစီး)

(၃) အရေးပေါ်လှေကား (Fire Escape)အသင့်တပ်ဆင်ထားပါ။
(၄) ကွန်ဒိုမီနီယံနဲ့ အထပ်မြင့်အဆောက်အအုံတွေမှာ ပင်မလှေကားခန်းကို မီးခိုးမဝင်နိုင်တဲ့အခန်း (Smoke Stop Lobby) ဖြစ်အောင်လုပ်ထားရပါမယ်။
- လှေကားခန်းနံရံ(Stair Way)တွေဟာ မီးဒဏ်ကို အနည်းဆုံး တစ်နာရီခံနိုင်ရည် ရှိရပါမယ်။
- လှေကားခန်းတံခါး(Stair Way Door)တွေဟာ မီးဒဏ်ကို အနည်းဆုံးမိနစ် ၃၀ခံနိုင်ပြီး အတွင်းဖွင့်စနစ်နဲ့ အလိုလျောက် ပြန်ပိတ်တဲ့ကိရိယာ(Self Clossing Device) တပ်ဆင်ထားရပါမယ်။
- လှေကားခန်းနဲ့ အထပ်တိုင်းရဲ့ မျက်နှာကြက်အနီးနံရံမှာ အနည်းဆုံးသုံးပေပတ်လည် လေဝင်လေထွက်ပေါက်ဖောက်ထားရပါမယ်။
- မီးလှန့်အချက်ပေးကိရိယာ (Fire Alarm)
- ရေအသင့်ပက်နိုင်တဲ့ရေပိုက်ခွေ(Hose Reel)
- မီးသတ်တပ်ဖွဲ့သုံးနိုင်မယ့်မတ်ရပ်ရေပိုက်စနစ်(Dry or Wet Riser System)တွေ တပ်ဆင်ထား ရပါမယ်။
- အရေးပေါ်ထွက်ပေါက် (Emergency Exit) ပြုလုပ်ထားရပါမယ်။

(၅) အိမ်တိုင်းမီးသတ်ဆေးဘူးဆောင်ထားသင့်ပါတယ်။
(၆) အရေးပေါ်ကိစ္စဖြစ်ပွားရင် မီးသတ်တပ်ဖွဲ့ကို အမြန်ဆုံး အကြောင်းကြားနိုင်မယ့် နည်းလမ်းရှိရပါမယ်။
(၇) မိမိရဲ့ အိမ်ခန်း၊ မိသားစုဝင်တွေ မီးဘေးလုံခြုံမှု၊ အရေးပေါ်လွတ်မြောက်မှုတွေအတွက် အသေးစိတ်သိလိုတဲ့ အချက်တွေကို မီးသတ်တပ်ဖွဲ့သို့ ဆက်သွယ်အကူအညီ ရယူသွားဖို့လိုအပ်ပါတယ်။

ကြေးမုံ။ ခြောက်သွေ့ရာသီရောက်လာတဲ့အခါ ရေတွင်းထဲဆင်းပြီး တွင်းချေးဆင်းဆယ်တာမျိုး၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

သရုပ်ပြ

ဓာတုကာကွယ်ရေး ဝတ်စုံဝတ်ဆင်ထားသော မီးသတ်တပ်ဖွဲ့ဝင်များ မီးခိုးစုပ် ကိရိယာကို အသုံးပြု၍ အခန်းတွင်းရှိမီးခိုးနှင့် အန္တရာယ်ရှိ ဓာတုဓာတ်ငွေ့များ ဖယ်ရှားရှင်းလင်းမှု လေ့ကျင့်ခန်း သရုပ်ပြသစဉ်။
(ဓာတ်ပုံ-မီးသတ်ဦးစီး)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အကျဉ်းဦးစီးဌာန အင်းစိန်တွင် ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နံနက်ပိုင်းတွင် ကန်သာယာကွင်းနှင့် ထောင်အတွင်း ပြေးပွဲပြိုင်ပွဲများ ကျင်းပပြီး မွန်းလွဲပိုင်းတွင် ပြစ်ဒဏ်ကျ အမျိုးသား၊ အမျိုးသမီး၊ အချုပ်အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့်ဇနီးဒေါ်နွယ်နီစမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ဇနီးဒေါ်ခင်ဦး၊ ရန်ကုန်ထောင်အုပ်စု ညွှန်ကြားရေးမှူးဦးစိုးတင့်နှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ အင်းစိန်ထောင် တာဝန်ခံအရာရှိဒုတိယညွှန်ကြားရေးမှူး ဦးသက်ရှည်နှင့် ဦးစီးအရာရှိများ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဗုဒ္ဓအဆုံးအမနှင့် အကျဉ်းထောင်စည်းကမ်း ၁၈ ချက် ရွတ်ဆိုပြိုင်ပွဲ ဆုရရှိသူများ၊ ထောင်တွင်းတစ်ပတ်ပြေးပွဲနှင့် ဘော်လီဘောဆုရရှိသူများအား ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၏ ဇနီးဒေါ်နွယ်နီစမ်း **(အောက်ပုံ)** နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ (၆၁)

လွှတ်လပ်ရေးနေ့ အခမ်းအနား ဗိုလ်တထောင်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဗိုလ်တထောင်မြို့နယ် အထက (၆) အောင်ကျော်ခန်းမတွင် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေးနိုင်က ဖတ်ကြားသည်။ **(အပေါ်ပုံ)**

(က–ပ)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပွဲ ကိုယ်ပွားသတင်းစာတိုက် ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၆

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် ကျိုင်းတုံ၌ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဝန်ထမ်းများ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၄ရက်က ကျင်းပသည်။

အမျိုးသား တာဝေးပြေးပြိုင်ပွဲတွင် အောင်လင်းထိုက် (ပလိတ်သွေး) က ပထမ၊ ခင်မောင်ထူး (ပလိတ်ကူး/ဓာတ်ပုံ) က ဒုတိယ၊ တင့်နိုင်ထွန်း (ပုံနှိပ်စက်) က တတိယ၊ အမျိုးသားသက်ကြီးတန်း လမ်းလျှောက်ပြိုင်ပွဲတွင် ဦးတင်ကျော် (တာဝန်ခံ)က ပထမ၊ ဦးလှရွှေ(ပုံနှိပ်စက်) က ဒုတိယနှင့် ဦးဝေဇင်(ကြီးကြပ်ရေးမှူး) က တတိယ၊ အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲတွင် ဥမ္မာညွန့် (ငယ်/စာရေး)က ပထမ၊ သင်းသင်းဇော်(ငယ်/စာရေး)ကဒုတိယ၊ နန်းဥမ္မာစိန်(ငယ်/စာရေး)က တတိယ၊ အမျိုးသား တာတိုပြေးပြိုင်ပွဲတွင် ခင်မောင်ထူး(ပလိတ်ကူး/ဓာတ်ပုံ) က ပထမ၊ တင့်နိုင်ထွန်း(ပုံနှိပ်စက်) က ဒုတိယ၊ ထွန်းထွန်းဝင်း(ပုံနှိပ်စက်)က တတိယ အသီးသီး ရရှိကြသည်။ ထို့အပြင် ပျော်ပွဲရွှင်ပွဲများအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ မုန့်စားပြေးပြိုင်ပွဲများကို ကျင်းပသည်။

ညနေ ၄ နာရီခွဲတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြလှိုင်နှင့် တာဝန်ခံအရာရှိ ဦးတင်ကျော်တို့က ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

(ကြေးမုံ)

● စာမျက်နှာ ၁၀ မှအဆက်

ရေကြောလိုက်ပြီးထပ်တူးကြတာ၊ အမှိုက်ရှင်းတာစသည်ဖြင့် လုပ်လေ့ရှိကြပါတယ်။ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရေတွင်းအသက်ကယ် လုပ်ငန်းကိုလည်း သိပါရစေ။

ဖြေ။ ရေတွင်းတွေ၊ ချိုင့်ဝှမ်းတွေနဲ့ လေဝင်လေထွက်မကောင်းတဲ့ အနိမ့်ပိုင်းနေရာတွေမှာ ဒုက္ခပေးတတ်တာကတော့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ပဲဖြစ်ပါတယ်။ မျက်စိနဲ့ကြည့်လို့မမြင်နိုင်ပါဘူး၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဟာ လေထက်တစ်ဆခွဲလောက် ပိုလေးတဲ့အတွက် ရေတွင်း၊ ချိုင့်ဝှမ်းတွေမှာ စုဝေးခိုအောင်းနေပြီး ကာလကြာတာနဲ့အမျှ ထုထည်ပမာဏ များလာတတ်ပါတယ်။ သူ့ကိုရှူမိရင် အသက်ရှူမဝခြင်း၊ အသက် ရှူကျပ်ခြင်းနဲ့ ကြာမြင့်သွားရင် အသက်အန္တရာယ်ထိခိုက်နိုင်ပါတယ်။ ဒါ့ကြောင့် တွင်းနက်ထဲကိုဆင်းတော့မယ်ဆိုရင်ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ရှိ၊ မရှိ အရင်စမ်းသပ်ပါ။ ရှိနေရင်စနစ်တကျ ဖယ်ထုတ်ပစ်ပါ။ ဘေးအန္တရာယ်ကင်းရှင်းပြီဆိုမှဆင်းပါ။ အထူးသတိပေးချင်တာကတော့ အတွေ့အကြုံမရှိဘဲ ကိုယ့်သဘောနဲ့ကိုယ် လုံးဝမလုပ်ပါနဲ့၊ ကျွမ်းကျင်သူတွေရဲ့ အကူအညီကို ရယူပါဆိုတာပါပဲ။

အရေးပေါ်ရေတွင်းအသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ စာတမ်းတစ်စောင်ကို မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြုစုရေးသားခဲ့ပြီး ပြည်နယ်၊ တိုင်းများမှ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများအားလုံးနှင့် မီးသတ်စခန်းတာဝန်ခံများ အားလုံးသို့လည်း ၂၀၀၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"အသက်ဥာဏ်စောင့်"ဟူသော ဆိုရိုးစကားနှင့်အညီ တွင်းဆင်း၊ တောင်တက်အလုပ်မျိုးကို အထူးသတိပြု ဆောင်ရွက်ကြရန် လိုအပ်သလို ရေတွင်းအသက်ကယ်လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းဆောင်ရွက်ကြမည့်သူများ အနေဖြင့်လည်း ဘေးအန္တရာယ်ကင်းရှင်းစွာ၊ နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်နိုင်ကြရန် အထူးလိုအပ်မည်ဖြစ်သည်။ ရေတွင်းအသက်ကယ်လုပ်ငန်းကြုံတွေ့ခဲ့ပါက စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ ဝိုင်းဝန်းစုပေါင်း၍ လျင်မြန်မှု (Fast)၊ ထိရောက်မှန်ကန်မှု (Effective)၊ စေ့စပ်သေချာမှု(Versatile)နှင့်လုံခြုံမှု (Safety)တို့ကို ရာနှုန်းပြည့်ရယူ၍ ဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

ဆည်မြောင်းဝန်ထမ်းဟောင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ဆည်မြောင်း ဝန်ထမ်းဟောင်းများအသင်း၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များသည် နီးစပ်ရာ အမှုဆောင်များနှင့် ဒေါ်အေးမြ ဒုတိယညွှန်ကြားရေးမှူး(ရုံးချုပ်) သို့ဆက်သွယ်လှူဒါန်းကြရန်နှိုးဆော်ထားသည်။

(က–ပ)

အ င် တ ာ န က် အ ာ း က စ ာ း သ တ င် း

အက်ဖ်အေဖလား ထိန်းသိမ်းနိုင်ရေး လီဗာပူး များစွာကြိုးပမ်းရမည်ဆို

လန်ဒန် ဇန်နဝါရီ ၆

လီဗာပူးအသင်းသည် လွန်ခဲ့သည့် ဘောလုံးရာသီက ရရှိခဲ့သည် အောင်မြင်မှုကို ထပ်မံရရှိရန် ကြိုးပမ်းလိုကြောင်း၊ သို့ရာတွင် အက်ဖ်အေဖလားကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် များစွာလုံ့လစိုက်ထုတ်ရန်ရှိကြောင်း ပီတာခရပ်ချ်က ယနေ့ပြောကြားသည်။

ဇန်နဝါရီ ၁ရက်က ကျင်းပသည့်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းမှ ပီတာခရပ်ချ် (ဝဲ)**က ဘော်လ်တန် အသင်းမှ အီဗန်ကမ်ပိုနှင့် ဘောလုံးယှဉ်လုစဉ်။** (ဓာတ်ပုံ–အင်တာနက်)

လီဗာပူးအသင်းသည် အက်ဖ်အေဖလား တတိယအကျော့ပွဲစဉ်အဖြစ်အာဆင်နယ်အသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲအဆင့်သို့ နောက်တစ်ကြိမ် တက်လှမ်းရန် မိမိတို့စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ခရပ်ချ်က ပြောကြားသည်။

လွန်ခဲ့သည်နှစ်က အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးနှင့် မန်ချက်စတာယူနိုက်တက် အသင်းကဲ့သို့သော ထိပ်တန်းအသင်းကြီးများကို မိမိတို့အနိုင်ရရှိခဲ့ကြောင်းငင်းကပြောကြားသည်။

အင်တာနက်

(ယနေ့ညနေယှဉ်ပြိုင်သည့် အက်ဖ်အေဖလားပွဲတွင် အာဆင်နယ်က လီဗာပူးကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။)

ဇန်နဝါရီ ၂ရက်က ကျင်းပသည့်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်အသင်းမှ ဟင်နရီ ချာလ်တန်အသင်းဘက် သို့ ပြစ်ဒဏ်ဘော ကန်သွင်းစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ပင်ပန်းနွမ်းနယ်မှု ဟင်နရီ ခံစားခဲ့ရ

လန်ဒန် ဇန်နဝါရီ ၆

လက်ရှိဘောလုံးရာသီတွင် ထိခိုက်ဒဏ်ရာရရှိသည့်ဖြစ်ရပ်များကြောင့် ပင်ပန်းနွမ်းနယ်မှုများကို မိမိတွေ့ကြုံခံစားခဲ့ရကြောင်း အာဆင်နယ်အသင်းမှ သီယာရီ ဟင်နရီက ယနေ့ပြောကြားသည်။

ဟင်နရီသည် တင်ပါးရိုး အာရုံကြောဝေဒနာကို ခံစားခဲ့ရပြီးနောက် ဘောလုံးပြန်လည်ကစားခဲ့သူဖြစ်သည်။ ၎င်းပါဝင်ကစားသည့် ဇန်နဝါရီ ၂ ရက်ပွဲတွင် ချာလ်တန်အသင်းကို အနိုင်ရရှိခဲ့သည်။

ကြံ့ခိုင်မှုအပြည့်အဝ ရှိမှသာလျှင် အင်တိုက်အားတိုက် ကစားနိုင်မည်ဖြစ်ကြောင်း ဟင်နရီက ပြောကြားသည်။

အင်တာနက်

အီတလီဘောလုံးလောကသို့ ပြန်သွားရန် အာဆင်နယ်တိုက်စစ်မှူး လူပိုလီမျှော်လင့်

လန်ဒန် ဇန်နဝါရီ ၆

အာဆင်နယ်အသင်းတွင် အငှားစာချုပ်အရကစားနေသူ တိုက်စစ်မှူး အာတူရိုလူပိုလီသည် အီတလီဘောလုံးလောကသို့ပြန်သွားရန် မျှော်လင့်လျက်ရှိကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက် (၁၉)နှစ်အရွယ်ရှိ အီတလီလူမျိုးလူပိုလီသည် ကန်ထရိုက်စာချုပ်မချုပ်ဆိုမီ ကြိုတင်သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် လမ်းပွင့်နေပြီဖြစ်သည်။ အာဆင်နယ်အသင်းနှင့် ရရှိခဲ့သော သဘောတူညီချက်မှာ လာမည့်နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။

မိမိသည် အီတလီစီးရီးဘီပြိုင်ပွဲဝင် နာပိုလီအသင်းတွင် လာမည့်ဇွန်လမှစ၍ ပါဝင်ကစားရန် လိုလားကြောင်း၊ စီးရီးအေရှိ ထိပ်တန်းကလပ်အချို့ကလည်း မိမိကိုကမ်းလှမ်းထားကြောင်း အီတလီနိုင်ငံတွင် ထုတ်ဝေသော ဂေဇက်တာဒယ်လို အားကစားနေ့စဉ်သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် လူပိုလီက ပြောကြားသည်။ **အင်တာနက်**

အထက(၃)ပုဇွန်တောင် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

အထက(၃) ပုဇွန်တောင် ကျောင်းသား၊ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အထက(၃)ပုဇွန်တောင်(အင်အားသစ်ခန်းမ)၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

အလှူငွေများကို ဦးသိန်းထွင့်ထွန်း ဖုန်း–၀၉–၅၀၁၃၅၆၆၊ ဦးအောင်ကြည်စိုး ဖုန်း–၀၉–၉၉၇၃၆၇၈၊ ဒေါ်သန်းသန်းအေး ဖုန်း–၂၉၁၆၁၅နှင့်ဒေါ်လဲ့လဲ့ဝင်း ဖုန်း–၂၀၂၈၈၄ တို့ထံ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ (က–ပ)

လက်ရှိကာလသည် နိုင်ငံတော်သစ်ကို ထူထောင်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနေပြည်သူများနှင့် လက်တွဲပြီး နိုင်ငံတော်သစ် ထူထောင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းအချို့၊ လူပုဂ္ဂိုလ်အချို့၏ ပကတိအခြေအနေကို မျက်ကွယ်ပြုပြောဆိုလုပ်ဆောင်မှုများ အမျိုးသားအကျိုးစီးပွားအတွက် ပျက်ပြားဆုတ်ယုတ်မှုကိုသာ ဖြစ်စေနိုင်သည်ကို သတိပြုဖို့လို

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး) သင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကား ပြောကြားရာတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)ရှိ Fly Man ကုမ္ပဏီလီမိတက် National Pride သစ်အချောထည်စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သစ်တောရေးရာ)

ထူးခြားသည့် ညအပူချိန်များ

၆-၁-၂၀၀၇

ဟားခါး
၀ ဒီဂရီစင်တီဂရိတ်
ပင်လောင်းနှင့်မိုးကုတ်
၃ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၄ ဒီဂရီစင်တီဂရိတ်
ရန်ကုန်
၁၈ ဒီဂရီစင်တီဂရိတ်



သစ်အချောထည် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကူညီသွားမည် ကျွန်း၊ ပျဉ်းကတိုးအပြင် လူသုံးနည်း သစ်များ တိုးချဲ့အသုံးချရန်လို

ရန်ကုန် ဇန်နဝါရီ ၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့ နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)ရှိ Fly Man ကုမ္ပဏီလီမိတက် National Pride သစ်အချောထည်စက်ရုံဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ဦးတို့က စက်ရုံကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် သစ်ခွဲသားများ ထုပ်ပိုးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံ ရှင်းလင်းဆောင်၌ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ဦးက စက်ရုံအကြောင်း ရှင်းလင်းတင်ပြပြီး ဝန်ကြီးက သစ်အချောထည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီသွားမည် ဖြစ်ကြောင်း၊ ကျွန်း၊ ပျဉ်းကတိုးသစ်များအပြင် လူသုံးနည်းသစ်များကို တိုးချဲ့ အသုံးချသွားရန်လိုကြောင်းနှင့် လုပ်ငန်းကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ စက်ရုံမှ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်သစ်ခွဲသားများကို ထိုင်း၊ အီတလီနှင့် ပြင်သစ်နိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။